www.burmeseclassic.com

ကြည်အေး

# အဖြစ်ကလူ

(ဒုတိယအကြိမ်)



www.burmeseclassic.com

စာစဉ်အမှတ် (၅)

ဖြန့်ချိရေး၊

ရည်မွန်ဦးစာပေ
အမှတ် ၂၆၆(ပ-ယာ)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့

www.burmeseclassic.com

# အပြင်ကလူ

ကြည်အေး

စီစဉ်သူ -ရည်မွန်ဦး

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၆၂၈/၂၀၀၃ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၄၂၀/၂၀၀၃ (၁၂) |
| မျက်နှာဖုံးပန်းချီ | ကိုကိုနိုင် |
| မျက်နှာဒီဇိုင်း | ကိုတူး (ယောနသံ) |
| ကွန်ပျူတာစာစီ | ယောနသံ (Print Publishing) |
| | အမှတ် ၂၁၃(က)၊ မြေညီထပ် |
| | ၃၆လမ်း၊ ကျောက်တံတားမြို့နယ် |
| ပုံနှိပ် | သင်္ဂဟပုံနှိပ်တိုက် |
| | အမှတ်(၂၅၈)၊လမ်း (၄၀)၊ |
| | ကျောက်တံတားမြို့နယ်။ |
| အတွင်းဖလင် | ဦးခင်မောင်သိန်းဆွေ |
| | သဏ္ဍာဝတီစာပေ (မြ-၀၇၄၇) |
| | ဇေယျာသုခလမ်း၊ သုဝဏ္ဏ |
| ထုတ်ဝေသည့်ကာလ | ၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ |
| | (ဒုတိယအကြိမ်) |
| အုပ်ရေ – ၅၀၀ | တန်ဖိုး ၄၀၀ –ကျပ် |

www.burmeseclassic.com

# ‘စကားမိတ်ဆက်’

ဆရာမ ဒေါ်ကြည်အေး၏ အပြင်ကလူ မဂ္ဂဇင်းဝတ္ထုရှည်သည် ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းမှ ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ထိုဝတ္ထုကို ယွန်းရွှေအိမ်စာပေတိုက်မှ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆရာဒဂုန်တာရာ၏ “အိပ်မက်ဖြစ်ပါစေရှင်”၊ ၁၉၅၀ ခုနှစ်၊ ဇန်နဝါရီလ၊ တာရာမဂ္ဂဇင်းမှ ဝတ္ထုတစ်ပုဒ်နှင့်တွဲ၍ တစ်အုပ်တည်းအနေဖြင့် ထုတ်ဝေခဲ့ပါသည်။

ယခုတဖန် ရည်မွန်ဦးစာပေမှ ဆရာမဒေါ်ကြည်အေး၏ “အပြင်ကလူ” ကို လုံးချင်းအနေဖြင့် တစ်အုပ်တည်းစာဖတ်ပရိသတ်တို့ ဖတ်ရှုနိုင်ရန် ဒုတိယအကြိမ် ထုတ်ဝေလိုက်ပါသည်။

**ရည်မွန်ဦးစာပေ**

www.burmeseclassic.com

# ကြည်အေး

# (၁၉၂၉ - )

ဦးဟန်နှင့်ဒေါ်ငွေယုန်တို့မှ ရန်ကုန်မြို့၊ လှည်းတန်းရပ်တွင် မွေးဖွားခဲ့သည်။ အမည်ရင်း ဒေါ်သောင်းကြည်ဖြစ်သည်။ တတိယတန်းတွင် ပညာသင်ကြားရာမှ ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ စစ်ဘေးမှလွတ်ကင်းရာ တောရွာ၊ တောမြို့များ၌ ပြေးလွှားရင်း အချိန်ကုန်ခဲ့သည်။ စစ်ကြီးပြီးသောအခါ ကုလားအဘိုးကြီး ကေကေမီတြဲထံတွင် အင်္ဂလိပ်စာသင်ကြားတတ်မြောက်သည်။ ကျောင်းနှစ်နှစ်မျှနေပြီး ဆယ်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်သည်။ ၁၉၄၈ တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။ ဆေးပညာတတိယနှစ်တွင် ကျောင်းထွက်သည်။ ဝိဇ္ဇာစာမေးပွဲကို ဖြေဆိုအောင်မြင်သည်။

၁၉၅၃ တွင် ဘဏ်မန်နေဂျာ ဦးတင်မြင့်နှင့် အိမ်ထောင်ကျသည်။ သားသမီး (၆) ယောက်ထွန်းကားသည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာမအဖြစ် အမှုထမ်းခဲ့သည်။ ဆေးပညာကို တတိယနှစ်မှ ပြန်လည်တက်ရောက်သင်ယူပြီး ဆရာဝန်ဘွဲ့ရခဲ့သည်။ ၁၉၄၇ ခုနှစ်ထုတ် တာရာမဂ္ဂဇင်း အတွဲ (၁)၊ အမှတ် (၄) ပါ 'ထိုည' ဝတ္ထုတိုသည် ပထမဆုံး ပုံနှိပ်ဝတ္ထုဖြစ်သည်။

ဒေါ်ကြည်အေးသည် ၁၉၇၂ ဒီဇင်ဘာတွင် အမေရိကန် ပြည်ထောင်စုသို့ ထွက်ခွာသွားခဲ့သည်။ ၁၉၈၁ ဇူလိုင်လ (၁၀) ရက်တွင် ခင်ပွန်းဖြစ်သူ ဦးတင်မြင့် ကွယ်လွန်ခဲ့ပါသည်။ ယခုအခါ အင်္ဂလန်ပြည်တောင်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်ကာ ဆရာဝန်အဖြစ် အသက်မွေးဝမ်းကြောင်း ပြုလျှက်ရှိသည်။

www.burmeseclassic.com


သူ့ကိုမမျှော်လင့်ပဲ လက်ထပ်ပွဲခန်းမ အပေါက်ဝ၌ ရုတ်တရက်ပေါ်လာသည်ကို ကျွန်မတွေ့လိုက်ရ၏။ လူ ပရိသတ်ကြား၌ အထူးသဖြင့် ခုလို ပြုံးပြက်ဝင်းလက်သော ပရိသတ်ကြား၌ သူ့ကိုတွေ့လိမ့်မည်ဟု မမျှော်လင့်ခဲ့။ သူလဲ ပိုးတိုက်ပုံ၊ ဘန်ကောက်လုံချည်နှင့် သပ်ရပ်စွာရှိသည်မို့ အနည်းငယ်စိတ်ချမ်းသာရသည်။ သူ့နဖူးပေါ်၌မူ ဖြီးသင်လို့ မပိပြားသော ဆံပင်တစ်စသည် ကျမြဲကျနေသည်။ သူ့ထုံးစံ အတိုင်း လူအများကို လှုံ၍ကြည့်ပြီးမှ ကျွန်မကို သူမြင်တွေ့ သွားပါသည်။ သူ့မျက်လုံးများ ကြည်လဲ့လာပြီး ကျွန်မထိုင်ရာ ထောင့်စွန်းလဲကျ၊ တိုင်ကွယ်သော စားပွဲသို့ တန်းတန်းမတ် မတ်လာပါသည်။ တစ်ချက်မျှလဲ ပြုံးလိုက်ပါသေးသည်။

"ကျွန်တော်ထိုင်တော့မယ်နော်" ဟု ယဉ်ယဉ်ကျေး ကျေး သူကခွင့်တောင်းလိုက်လျှင်တော့ ကျွန်မသည် ပြုံး လိုက်မိပြီး . . . "ရပါတယ်ရှင်" ဟု ခပ်စိမ်းစိမ်း ဆို လိုက်သည်။

သူက ဘယ်သူမှမထိုင်ချင်သဖြင့် လပ်နေသော

www.burmeseclassic.com

BURMESE CLASSIC .com

ကျွန်မစားပွဲမှ ထိုင်ခုံကို လိုလိုချင်ချင်ထိုင်ပါသည်။ လက်ထက်ပွဲမှာလိုမဟုတ်ပဲ ခရီးပန်းလာသူ ခုမှ နားခိုရသလို လျော့ပြေစွာ စားပွဲပေါ် တထောင်ဆစ်ထောက်၍ ထိုင်ပါသည်။ ပြီးတော့ မနေ့ကပင် သူနဲ့ကျွန်မဆုံခဲ့သေးသလို ရင်းနှီးစွာပင် တစ်ချက်ပြုံးပြန်ရင်း "အေးအေးကို ကျွန်တော်တွေ့ချင်နေတာကြာပြီ" ဟု စကားစလေ၏။

"မိတ်ဆွေဟောင်းတွေပဲ . . .၊ ပြီးတော့ ဆွေမျိုးတောင်တော်သေးတာ" ဟု ကျွန်မက ညင်သာစွာ ပြောလိုက်သည်ကို သူက ကြည်ကြည်လင်လင်ပင် ရယ်ပြုံးနေသည်။ ဘာမျှမပြောပါ။

"ရှင် အိမ်ကိုလာနိုင်သားပဲ၊ ပြီးတော့ ... . ."

"နုနုတို့သားအမိကို အေးအိမ်မှာခေါ်ထားတာလဲ သိပါတယ်။ ကျေးဇူးလဲတင်ပါတယ်အေးရယ်။ ကျွန်တော်ပြောချင်တာတွေလဲ အများကြီးပဲ။ ဘာကစပြောရမှန်းတောင် မသိပါဘူး"

"အင်းလေ၊ သည်နေရာက သိပ်စကားပြောလို့ကောင်းတဲ့ နေရာတော့လဲ မဟုတ်ဖူးထင်ပါရဲ့။ ဒါပေမယ့် ခုမှပဲတွေ့ရတော့လဲ ဘယ်တတ်နိုင်မလဲ"

"ဟုတ်တယ်၊ ကျွန်တော်လဲ အင်းလျားလိပ် ဟော်တယ်ဆိုတာ သိပ်ရောက်ဖူးတာမှတ်ဖူး။ စောင်းဦးဘသန်းအဖွဲ့ဆိုလို့ လာနားထောင်တာ။ စောင်းဦးဘသန်းနဲ့လဲ တွေ့ချင်လို့ ... . ."

www.burmeseclassic.com

ကျွန်မတို့ စကားခဏပြတ်နေပြီး ကျွန်မက မကျေနပ်နိုင်သောအကြောင်းကို ပြန်၍ကောက်လိုက်ပြန်သည်။

"ရှင် ••• အိမ်ကို လာနိုင်သားပဲ၊ နုနုရှင့်အိမ်ပေါ်က ဆင်းလာတာ ဆယ်နှစ်ကျော်ပြီ ရှင်တစ်ခါမှ လိုက်မလာဖူးဘူး၊ ရှင့်သားလေးကိုလဲ ရှင်မမြင်ဖူးတာကြာပြီမှတ်လား"

သူသည် ညိုမှိုင်းသောမျက်နှာနှင့် ဘာမျှမပြောပဲနေပါသည်။ ထိုခဏ၌ တီးဝိုင်းမှ အချစ်သီချင်းတစ်ပုဒ်ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ကျွန်မသည် ဘယ်သူ့ကိုမှန်းမသိ အားနာသွားပြီး စကားပြောရပ်လိုက်သည်။ သီချင်းသံ ပို၍ကျယ်လောင်လာသည်။ တဖြည်းဖြည်း ပြည့်ကြပ်လာသော ပရိသတ်တို့သည် နေ့ကြောင်တောင်မှာပင် တလက်လက်တောက်ပနေလေ၏။

"သတို့သမီး သတို့သားက ၁၂ နာရီထိုးမှ လာမှာ •••" ဟု ညာဘက်စားပွဲမှ မိန်းမဝဝ၏ ပြောသံကို ကြားလိုက်၏။

"ခုမှ ၁၀ နာရီရှိသေးတယ်။ အမာစိန်လဲကအုံးမယ်ဆို။ ခုဟာက ညှော်ခံချိန်သက်သက်ပေါ့နော် ••• ပိုက်ဆံတတ်နိုင်တော့လဲ ချဲ့ချင်တိုင်းချဲ့လို့ရတာပေါ့။"

"နှင်းဆီတွေရော သစ်ခွတွေရော လှိုင်နေတာပဲ။ ဟောင်ကောင်ကမှာတာတဲ့"

"ဖိတ်စာတောင် အင်္ဂလန်မှာ ရိုက်တာ •••"

"စိန်တွေကတော့ အမေရိကားကတဲ့ •••"

www.burmeseclassic.com

BURMESE CLASSIC .com

တီးဝိုင်းမှသီချင်းသံသည် ရုတ်ခြည်းပင် မကျယ်လောင်တော့ပဲ ပရိသတ်ဆူညံနေသံအလယ်မှာ မြုပ်လုလု ရှိနေပြန်သည်။ ရယ်မောသံများ၊ ဖန်ခွက်ထဲ လိမ္မော်ရည်ငှဲ့သံများ၊ စကားလုယက်ပြောသံများ ရောနှောထွက်ပေါ်လာသည်။

"အေးကညနေ(၄)နာရီထိ သည်မှာထိုင်နေမယ်စိတ်ကူးသလား။ သူတို့လိုလေ"ဟု သူက ရုတ်တရက်မေးပါသည်။

ကျွန်မက အနည်းငယ်တုံ့ဆိုင်းပြီး . . .

"မသိဘူးလေ . . .သတိုသမီးအမေက ကျောင်းနေဘက်မို့ လာရတာပဲ၊ ရှင်နဲ့လဲခင်တယ်မှတ်လား၊ ကျွန်မတော့ (၆)နာရီ လုံးလုံးနေရမှာလား . . . မသိပါဘူး"

"လာပါ ဟောသည်ဘေးပေါက်ကထွက်ပြီး ရေကူးကန်နားသွားရအောင်၊ မြင်နေရတယ်မှတ်လား၊ ရေကလေးတွေကြည်လို့ စိတ်အေးစရာ၊ သစ်ပင်အောက်မှာဖြစ်ဖြစ်ထိုင်ရအောင်ပါ။ ကျွန်တော်ပြောစရာတွေရှိတယ်အေးရယ်။ ကျွန်တော်ပြောမယ့်စကားကို ဟိုတုန်းကလို မိတ်ဆွေသူငယ်ချင်းလိုသဘောနဲ့ နားထောင်ပါလား။ ညီမဝမ်းကွဲနဲ့ညားပြီး ကွဲခဲ့တဲ့ယောကျ်ားတစ်ယောက်လို သဘောမထားဘဲနဲ့ ဟင် . . ."

ကျွန်မသည် မှန်တံခါးမကြီးမှ လှမ်းမျှော်ကြည့်လိုက်လျှင် သူပြောသလိုပင် အပြင်၌အေးချမ်းသာယာနေသည်ကို

www.burmeseclassic.com


တွေ့ရပါသည်။ ရေကူးကန်၌ ပြည့်လျှံနေသောရေတို့သည် စိမ်းလဲ့၍ အသာအယာ လှုပ်ရှားနေသည်။ သစ်ရိပ်တို့လဲ အေးမြလှပါသည်။

"မှန်တံခါးကဖွင့်လို့ရတဲ့ တံခါးမှဟုတ်ရဲ့လားမသိဘူး"

"ဖွင့်ကြည့်တာပေါ့" ဟု သူကထမည်ပြင်လျှင်

"နေပါဦး ··· သူကလဲ ကြောင်လိုက်တာ၊ ဝင်လာတဲ့ အပေါက်ဝက ပြန်ထွက်လဲရပါတယ်။ ဒါပေမယ့် ကျွန်မ စဉ်းစားနေသေးတယ်။ ရှင်ပြောသလို သည်မင်္ဂလာလက်ထပ်ပွဲခန်းမက ရှင်နဲ့ထွက်သွားပြီး သစ်ပင်အောက်မှာ ကျွန်မ စကားသွားပြောချင်စိတ် ရှိရဲ့လားလို့" ဟု ကမန်းကတန်း ပြောလိုက်သည်။ "စဉ်းစားအုံးလေ" ဟု သူက ညင်သာစွာ ဆိုပြီး စီးကရက်သောက်စပြုလေ၏။

ကျွန်မကမူ လွန်ခဲ့သော ၁၅နှစ်ခန့်က နုနုနှင့်သူတို့ ချစ်ခဲ့ကြသည်ကိုသာ စဉ်းစားမိ၏။ နုနုမှာ မိန်းမပီသ နွဲ့နှောင်းလှသူဖြစ်သည်။ သူ့ကို စိတ်ခဏခဏကောက်တတ်၏။ ငိုရ၏၊ မသိတတ်သူဟု ရန်ထောင်၏။ တကယ် မချစ်ဖူးဟု စွပ်စွဲ၏။ ကျွန်မက ပြေရာပြေကြောင်း ပြောခဲ့ဖူးသည်။ "နုကို သူအမြဲတွေ့ချင်နေတာ၊ တွေ့ရရင် ပျော်တာ ချစ်လို့မှတ်ဖူးလား။ သူ့မှာ နုကြောင့် ဝမ်းနည်းရတယ်။ နုကြောင့်စိတ်ချမ်းသာရတယ်။ နုအလိုကိုလိုက်တယ်။ ဘာလိုသေးလဲ။

နုနုကပြော၏။ "သူစာမေးပွဲ မဖြေဘူး။ လခစားမ

BURMESE CLASSIC .com

လုပ်ချင်ဘူးတဲ့။ လူတောထဲမတိုးချင်ဘူးတဲ့။ တောပြန်ပြီးခြံစိုက်စားမယ်တဲ့။ ရှမ်းပြည်နယ်သွားရင်လဲ သွားမယ်တဲ့။ နုက ရန်ကုန်မြို့ပေါ်ကြီးလာတဲ့သူ၊ ဟုတ်တယ်။ နုရဲ့မေမေလိုပဲ အရာရှိကတော်ဖြစ်ချင်တယ်၊ နုရဲ့ကလေးတွေလဲ အထက်တန်းကျစေချင်တယ်။"

ပထမတော့ ကျွန်မ သက်ပြင်းသာချနေရင်း သူတို့ဘယ်လိုစီစဉ်ကြသည်မသိ၊ နုနုနှင့်သူသည် ကောလိပ်မှာစာသင်နေရင်းပင် တစ်ပိုင်းတစ်စနှင့် ထွက်သွားကြ၏။ မရမ်းကုန်း၌နေထိုင်ကြ၏။ နုနုသားလေးမွေးတော့ ကျွန်မသွား၍ ကြည့်ပါသေးသည်။ သူတို့ ပျော်ရွှင်ကြသည်လို့လဲ ထင်ခဲ့ပါသည်။ သို့သော် သူတို့ပေါင်းသင်း၍ သုံးနှစ်ခွဲမျှသာကြာသည်။ နုနုသည် ကျွန်မဆီ တယ်လီဖုန်းနှင့် လှမ်း၍ စကားပြောပါသည်။

"အေးရေ၊ နုနဲ့သူတော့ မဖြစ်တော့ပါဘူး၊ အေးနဲ့လာနေချင်တယ်၊ လက်ခံမလား၊ နုအလယ်တန်းပြဆရာမ အလုပ်လျှောက်တာလဲရပြီ၊ ဝန်လေးနေမှာလား"

"ဘာဖြစ်ကြတာလဲ" ဟု ကျွန်မကမေးလျှင်တော့

"မမေးပါနဲ့တော့ကွယ်၊ နုလဲမဖြေတတ်တော့ပါဘူး" ဟု ဆိုကာတယ်လီဖုန်းခွက်ထဲ၌ နုနု၏ရှိုက်သံများကိုသာ ကြားခဲ့ရလေ၏။

နုနု ကျွန်မနှင့်လာနေသည့် ဆယ်နှစ်ကျော်အတွင်း သူသည် တစ်ခါမျှမလာရောက်ခဲ့ချေ၊ စာလဲလှမ်းမရေးချေ၊

www.burmeseclassic.com

BURMESE CLASSIC .com

တယ်လီဖုန်းနှင့်လဲ စကားမပြောခဲ့ချေ။ နုနုသည် ဖွင့်မပြော ခဲ့သော်လည်း သူလာခေါ်မည်ကို စောင့်စားလျှက် အချိန် ကုန်ခဲ့သည်ကို ကျွန်မရိပ်မိရပါသည်။ နုနုသည် မကျန်းမမာ ဖြစ်လိုက်သေးသည်။ အိပ်ပျက်စားပျက်နှင့် မူးဝေ၍ လဲ လိုက်သေး၏။ သားငယ်ကိုဖက်၍ ငေးမောနေတတ်သည်။ နုနု၏မိဘများ ပြန်ခေါ်သည်ကိုလဲ မလိုက်နိုင်ချေ။

"ရှင်တစ်ခါမှ မလာခဲ့ဘူး။ တွေ့ဖို့မကြိုးစားခဲ့ဘူး" ဟု ကျွန်မသည် လက်ထပ်ပွဲသို့ ပြန်ရောက်လာလေ၏။

"အဲဒါကတော့ ဇာတ်လမ်းရဲ့ သေးငယ်လှတဲ့ အစိတ် အပိုင်းကလေးတစ်ခုသာဖြစ်တယ်" ဟု သူက သူ့ထုံးစံအတိုင်း စာသံပေသံနှင့် ပြောလေ၏။

"ဟိုလူရှင်းတဲ့ အခန်းဘက်ဖြစ်ဖြစ် သွားရအောင် လားအေးရယ် ··· တစ်နေကုန် ပြောရင်ပြောရမှာ"

"ခုတော့မသွားချင်သေးပါဘူး၊ တော်ကြာစိတ်ပြောင်း သွားမှသွားရအောင်၊ ခုလဲ ဒီမှာထိုင်ပြီး ပြောလို့ရသားပဲ။ ကျွန်မတို့ကို ဘယ်သူမှလဲ ကြည့်မနေပါဘူး။ လူတွေက သတို့သမီး သတို့သားကိုသာ ကြည့်ချင်တာပဲ"

"အမာစိန်ကတာဖြစ်ဖြစ်၊ ဦးဘသန်းစောင်းတီးတာ ဖြစ်ဖြစ် ···"

"ဟုတ်တယ်"

"ဒါပေမယ့် ကျွန်တော်ပြောချင်တဲ့စကားလဲ အရေးကြီး ပါတယ်၊ သည်မင်္ဂလာဆောင်မှာ ဩဘာစာရွတ်တာထက်

BURMESE CLASSIC .com

တောင် အရေးကြီးအုံးမယ်၊ သတို့သမီးနဲ့ သတို့သားကို ပိုအကျိုးပြုအုံးမယ်”

ကျွန်မက ပထမအကြိမ်ပြုံးကာ “ဘာဖြစ်လို့လဲရှင်”

“ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အချစ်ဆိုတာ ဘာလဲဆိုတာ ပြောပြမလို့ပေါ့ . . .၊ သည်မင်္ဂလာဆောင်နဲ့ အင်မတန် သင့်တင့်လျောက်ပတ်တဲ့ ဘာသာရပ်ပဲမို့ပေါ့”

သူသည် တိုက်ပုံအင်္ကျီအိတ်ထဲမှ ဖြူဖွေးစင်ကြယ်သော လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာကိုသုတ်ပါသည်။ ပြီးတော့ ဘယ်တုန်းကလာချသွားမှန်းမသိသော လိမ္မော်ရည်ခွက်ကို နှစ်ကျိုက်မျှသောက်ပြီး နှုတ်ခမ်းကို လက်ကိုင်ပုဝါနှင့် သုတ်ပြန်ပါသည်။ သူ့နှုတ်ခမ်းများ ပြေပြစ်လှပသည်ကို ပထမဆုံးအကြိမ် သတိထားမိပြီး ကျွန်မအံ့သြနေဆဲ သူက အေးဆေးငြိမ်သက်စွာပြောသည်။

♦ ♦ ♦

BURMESE CLASSIC .com

"ကျွန်တော်နဲ့နုနဲ့ကတော့ ချစ်တယ်လို့ဆိုရမှာပေါ့။ တစ်ယောက်နဲ့တစ်ယောက် တွေ့ချင်နေတယ်။ တွေ့ရရင် ပျော်ရွှင်တယ်၊ မခွဲချင်တော့ဘူးလို့ထင်လာတယ်။ ခွဲရတဲ့အခါ ဝမ်းနည်းတယ်၊ ပြန်တွေ့ကြဖို့စီစဉ်တယ်။ တစ်ယောက်ကို တစ်ယောက် စိတ်ချမ်းသာအောင် ထားချင်တယ်။ အနည်း ဆုံး ကျွန်တော့်သဘောကတော့ သည်လိုပါပဲ။

"နုနုကတော့ သိပ်မကျေနပ်ဘူးဗျ၊ အများတကာရဲ့ စိတ်ကူး၊ အများတကာရဲ့ စကားကို သူမလွန်နိုင်ဘူး၊ ဟုတ်နိုးနိုးထင်တယ်၊ လူ့ဘဝမှာ သူနေချင်တဲ့ဘဝနဲ့ ကျွန်တော်နေချင်တဲ့ဘဝ မထပ်မိဘူးလို့ဆိုရမလား၊ ခြံမြေ ကလေးဝယ်ပြီး ပန်းပင်သစ်ပင်ကလေးတွေစိုက်ပြီး နေချင် တာကတော့ ကျွန်တော့်သဘောပဲ . . .၊ မလိမ်ခဲ့ပါဘူး၊ လောကမှာ ဘာမှလဲလိမ်နေစရာမလိုပါဘူး။ လူတိုင်းလွတ် လပ်တာပဲ။ ဘယ်သူ့ကိုမှမထိခိုက်ရင် မငြိစွန်းရင် ကိုယ် လုပ်ချင်ရာ လုပ်နိုင်ကြတာပါပဲ။ ဟုတ်တယ်၊ ကိုယ်လိုရာကို အဖိုးပေး ဝယ်ယူကြရတာတော့ ဓမ္မတာပေါ့။ ကျွန်တော် လိုချင်တာက မများလှပေမယ့် အဖိုးကတော့ကြီးလှတယ်။ ကျွန်တော်လိုချင်တာကို မိန်းမနဲ့ကလေး အဖိုးအဖြစ်

BURMESE CLASSIC .com

ပေးလိုက်ရတယ်။ ဒါလဲ နုနုကိုယ်၌ကမှ ကျွန်တော့် ဘက်သား မဟုတ်ပဲကို။

"အေးကတော့ တကိုယ်ကောင်းဆန်တဲ့အတွေးလို့ ဆိုမယ်လား၊ လူတိုင်းဟာ တကိုယ်ကောင်းဆန်ကြတာပါပဲ။ မတရားသဖြင့်သော်လည်းကောင်း၊ တရားသဖြင့်သော် လည်းကောင်းပေါ့။

"ကျွန်တော်နုနုကို အများကြီးချော့ပါတယ်ဗျာ၊ မနက် မိုးလင်းလို့ ငှက်ကလေးတွေ သစ်ကိုင်းပေါ်ကအော်ကြ မြည်ကြတဲ့အခါ လာနားထောင်စေချင်တယ်။ နုနုက ရေဒီယို ဖွင့်တယ်၊ လမ်းလျှောက်သွားတော့ ကြာအိုင်မှာ ကြာနီ တွေပွင့်နေတာ ပြချင်တယ်။ တောဘဲတွေကျလာတာ ပြချင်တယ်။ တစ်တောင်ကုန်းကချိုးမနဲ့ တစ်တောင်ကုန်းက ချိုးဖိုနဲ့ အပြန်အလှန်ခေါ်ကြ ထူးကြတာ ကြားစေချင်တယ်။ နုနုက လမ်းလျှောက်ဝါသနာမပါဘူး။ သူက ကိုယ်ပိုင် ကားမောင်းပြီးလည်လာခဲ့တဲ့သူ၊ ကျွန်တော် ကြက်ခြံထဲ အစာကျွေးနေတုန်း နုနုက အစိုးရပြန်တမ်းဝင် အရာရှိများ ခွင့်ယူကြတာ၊ နယ်ပြောင်းကြတာတွေ ဖတ်နေတယ်။"

ကျွန်တော် အစောကြီးကပြောသားပဲ။ ကျွန်တော်ဟာ ဘယ်တော့မှ နုနုဖြစ်စေချင်တဲ့ လင်သားမျိုး ဖြစ်လာမယ် မှတ်ဘူးဆိုတာ"

"ကျွန်တော်ပြောခဲ့တယ်။ နုနဲ့မောင်နဲ့ယူကြရင် ဘယ်တော့မှ သိပ်ပျော်မယ်မထင်ပါဘူး။ ခုလိုပဲချစ်နေကြတာ

ပိုကောင်းပါလိမ့်မယ်လို့၊ နုနုကငိုတယ်။ နုနုပဲ လက်ထပ်ချင်တယ်”

“ပြီးတော့ အချစ်ဆိုတဲ့ပုံပြင်ဟာ ထိမ်းမြားလက်ထပ်ခြင်းမှာပြီးဆုံးတယ်လို့ နုနုထင်တယ်။ အများတကာလဲ သည်လိုထင်ကြတယ်ထင်ပါရဲ့၊ ကျွန်တော်မသိဘူး။ ဒါကြောင့်လဲ ထိမ်းမြားလက်ထပ်ခြင်းဟာ အချစ်ရဲ့သချိုင်းပဲလို့ စကားပုံတောင် ပြုရက်ကြတာပေါ့။

“ကြည့်ပါဦးဗျာ ･ ･ ･၊ အချစ်ဆိုတဲ့ပုံပြင်ဟာ ဘယ်လောက် ကြီးကျယ်ခမ်းနားတယ်ဆိုတာ မသိကြတဲ့အတိုင်းပဲ၊ မင်္ဂလာဆောင်တဲ့အမှုကို အကြီးအကျယ်ပြုနေလိုက်ကြတာ၊ ရက်စက်တယ်လို့ဆိုချင်ဆို၊ သူတို့လုပ်နေပုံက အချစ်ဆိုတာကို မသာချနေသလိုပဲ။ နောက်ဆုံးပြုစုခြင်းပေါ့။

“တကယ်တော့ ထိမ်းမြားလက်ထပ်ခြင်းဟာ အချစ်ဆိုတဲ့ကိစ္စရဲ့ အလိုလိုဖြစ်လာတဲ့ ကြံစည်တွေးတောနေစရာမလိုတဲ့ တစိတ်တဒေသ အပိုင်းအစကလေးပါ။

“နုနုကတော့ ကျွန်တော်နဲ့မရမ်းကုန်းခြံကို လိုက်လာပြီးကတည်းက အချစ်ကိစ္စကို စိတ်မဝင်စားတော့ဘူးလို့ထင်တယ်ဗျာ။ အချစ်ကိစ္စကတော့ ဒို့နှစ်ယောက်ပြီးပြီ၊ လူတွေတောမှာ လူတွေနဲ့တူအောင်၊ ဝင်ဆံ့အောင်၊ လူတွေအပြစ်မတင်အောင်၊ လူတွေလက်ခံအောင်၊ လူတွေချီးမွမ်းအောင် နေကြဖို့ပဲရှိတော့တယ်လို့ ပြောချင်သလိုပဲ။”

“အိမ်ကို ပထမဆုံးပြင်တယ်ဗျ။ ပြီးတော့ ဧည့်သည်

တွေခေါ်တယ်။ အလဟာသစကားထိုင်ပြောကြတယ်။ သူ့ဧည့်သည်တွေက ကားနဲ့လာကြတယ်။ ကားဘီးတွေမှာ ရွှံ့ပေလို့ စိတ်ညစ်ကြတယ်။ သူတို့ပြောတဲ့စကားကို ကျွန်တော်သိပ်နားမလည်ပါဘူး။ ရာထူးတက်တာတို့၊ အိမ်ဆောက်ပြီး သံရုံးငှားစားတာတို့ပေါ့၊ ဘယ်သူတွေ ဘာလုပ်နေကြမှန်းလဲ ကျွန်တော်မသိဘူး။ ကျွန်တော့်ကို ရယ်ကြတယ်။ စိတ်ဆိုးလို့ပြောတာ မှုတ်ပါဘူး။ ကျွန်တော့်ကိုရယ်တာလဲ ကျွန်တော်ဝမ်းမနည်းပါဘူး။ သဘောထားချင်းမတူလို့ပဲလို့ ထင်တာပါပဲ။ ကျွန်တော်ကတော့ သူတို့ကို မရယ်ပါဘူး။ အားလဲနာတယ်။ နားလည်း လည်ဖို့ကြိုးစားတယ်။”

“နုနုရဲ့ဧည့်သည်တွေဟာ နုနုကိုဝမ်းနည်းစေတယ်။ ကျွန်တော့်အတွက် ရှက်စေတယ်။ ဧည့်သည်တွေပြန်သွားရင် ကျွန်တော်တို့ရန်ဖြစ်ရတယ်။ လင်မယားနှစ်ယောက် တစ်ယောက်အလို တစ်ယောက်လိုက်ပြီး အေးအေးချမ်းချမ်းနေကြတာ၊ အပူအပင်မရှိတာကို ကျွန်တော်က တန်ဖိုးထားသလောက်၊ နုနုကသိမ်ငယ်တယ်ထင်တယ်၊ ညံ့ဖျင်းတယ်ထင်တယ်၊ ပိုက်ဆံစကား၊ ပစ္စည်းစကားပြောတယ်။

“နုနု ပင်ပန်းတယ်ထင်မှာစိုးလို့ ကျွန်တော်နဲ့အဖော်ကရင်ကလေး ထမင်းချက်ကြတယ်၊ ခြံထဲကဟင်းသီးဟင်းရွက်နဲ့၊ ကြက်ဥဘဲဥနဲ့၊ နွားနို့လည်း ရွာထဲကစစ်စစ်ရတယ်။ နုနုကသာ ဝမ်းနည်းတယ်။ ကျွန်တော်ကတော့ အဲဒီသုံးနှစ်ခွဲ

www.burmeseclassic.com

BURMESE CLASSIC .com

လောက် နုနုနဲ့နေခဲ့ကြရတာ ပျော်စရာလို့ထင်မြဲပါပဲ။ ရန်မဖြစ်ကြတဲ့ အချိန်ကလွဲရင်”

“တကယ်တော့ သိပ်ပျော်စရာကောင်းတာပါအေးရယ် ကျွန်တော်မှတ်မိသေးတယ်။ တစ်ည လသာလိုက်တာ၊ လမင်းကဝိုင်းစက်မှည့်ရွှန်းလို့ တိမ်လည်းမရှိဘူး။ မိုးကပြာလဲ့နေတာပဲ၊ ကြည်နေတာပဲ။ ခြံမြောက်ဘက်က ဖြတ်သွားတဲ့ ချောင်းမှာ ငါးရစ်တက်တဲ့ညပေါ့”

“ကရင်လေးကပြောတယ်။ ကျွန်တော် ညတိုင်း ငါးသွားခပ်တာမရသေးဘူး။ ညဒီရေနဲ့လိုက်ပြီး ငါးရစ်တက်မှာတော့ အသေအချာပဲ။ ဒီည ဆရာလိုက်ပါလားလို့ ခေါ်ခေါ်နေတယ်။ နှစ်ညသုံးည ကျွန်တော်လိုက်သွားတယ်။

“အဲဒီညကျတော့ ရတော့မှာပဲလို့ ကရင်လေးကလဲထင်တယ်။ ကျွန်တော်ကလဲထင်တယ်။ နုနုကို ဒီညလိုက်ခဲ့ပါကွယ် ··· ‘လသာလို့ မောင်နဲ့လမ်းလျှောက်ရတာနဲ့ပဲ ပျော်ဖို့ကောင်းလှပါတယ်လို့ ဆိုတော့။ မလိုက်ဘူးဗျ ···’။

“ကျွန်တော်နဲ့ကရင်ကလေးသွားကြတော့ လကသာလိုက်တာ၊ ညဟာ အေးမြနေလိုက်တာလဲ အလွန်ပဲ။ ည ၁၂ နာရီကျော်ပေါ့။ ကျွန်တော်တို့ငါးခပ်ကြတာ ရေမပါပဲ ငါးချည်း ခပ်လို့ရတယ်ထင်တာပဲ။ ငွေရောင်လက်နေတဲ့ ဖျတ်ဖျတ်လူးနေတဲ့ငါးတွေ ချောင်းထဲကခပ်ခပ်ပြီး တောင်းထဲထည့်တာ ဘယ်နှစ်တောင်းမှန်းမသိပါဘူး။ ငါးတွေကလဲ ကျွန်တော်တို့ လိုချင်လို့မှတ်ပါဘူး။ ကောင်လေးပဲ

အကုန်ပေးလိုက်တယ်။ ဒါပေမယ့် အဲဒီညကို ကျွန်တော် မမေ့နိုင်ဘူး။ သဘာဝလောကရဲ့ သားသမီးစစ်စစ် အဖြစ်ကြီးဖြစ်လိုက်ရတယ်။

"ကျွန်တော်အိမ်ပြန်ရောက်တော့ မိုးလင်းခါနီးပါပြီ၊ နုနုကငိုနေပြီ။ ဒေါသလည်းအရမ်းကြီးနေတာပဲ။ ကျွန်တော် ချစ်တဲ့မိန်းကလေးဆီမှာ အဲသည်လိုကြမ်းတမ်းခက်ထန်လှတဲ့ ဒေါသကိုတွေ့တော့ ကြောက်လည်းသွားတယ်၊ စိတ်လည်း ပျက်တယ်။ အချစ်လျှော့ချင်တယ်။ နုနုက ကျွန်တော့်ကို သူ့တစ်ယောက်တည်းထားခဲ့ရမလားလို့ အပြစ်တင်တယ်။ ငါးသွားခပ်တယ်ဆိုတော့ တံငါသည်လုပ်မလို့လားတဲ့၊ ငါးတွေပေးလိုက်ပြီဆိုတော့ အချည်းနှီးအချိန်ဖြုန်းရမလား ဆိုပြီး အော်ဟစ်ဆူပူတယ်။ ကျွန်တော်က နုရယ်–အထဲက ကလေးပါ ဒေါသကြီးတတ်နေပါ့မယ်လို့လည်း ပြောမိရော ကျွန်တော့်ကို ပါးလှမ်းရိုက်တာပါပဲ။"

"ကျွန်တော်ကတော့ ပါးမှာလက်ငါးချောင်းရာထင်လဲ အသားနာလှတယ်မထင်ပါဘူး။ နုနုဟာ ငါ့ကိုမရှိသေတော့ဘူး၊ ငါ့အချစ်ကို မရှိသေတော့ဘူးလို့သာ ယူကျုံးမရ ဖြစ်တယ်။ အဲဒီလိုပြောပြန်တော့ ထိုင်ရှိခိုးနေရမှာလား ・・・ တဲ့။"

"ကျွန်တော့်ကို နုနုနားမလည်တာ အမှန်ပဲ။

♦ ♦ ♦

"နုနုနဲ့ကျွန်တော်တို့ကိစ္စမှာ ကျွန်တော်ဟာ မလွန်ပါဘူးလို့ ရှင်းနေတာမဟုတ်ပါဘူးအေးရယ်၊ ကျွန်တော်အများကြီးလွန်နိုင်ပါတယ်။ တစ်ကိုယ်ကောင်းဆန်နိုင်ပါတယ်။ ဒါပေမယ့် တစ်ခါမှာတော့ ကျွန်တော်ဟာ နုနုအတွက် ဘယ်တော့မှမလုပ်ဘူးတဲ့ အလုပ်တစ်ခုကို ကြိုးစားလုပ်ကြည့်ဘူးတယ်။ အေးလေ · · · နုနုအတွက် ဟုတ်ချင်မှလဲ ဟုတ်မှာပါ။ ကျွန်တော်စမ်းသပ်ကြည့်တာ ဖြစ်နိုင်ပါတယ်။ ဓာတ်ခွဲခန်းမှာ သုတေသနလုပ်ကြည့်သလိုပေါ့။

"နုနုမပြောပြဘူးလား၊ ဘာဖြစ်လို့မပြောပါလိမ့်။ သူအပြစ်ကင်းချင်လို့လား၊ ဒါမှမဟုတ် ကျွန်တော်မအောင်မြင်လိုက်တဲ့ကိစ္စမို့ ရှက်လို့လား။ ကျွန်တော်စဉ်းစားဦးမယ်။

"ကျွန်တော်လခစားဝင်လုပ်တယ်။ အစိုးရငွေစာရင်းတွေကိုင်ရတဲ့ ဌာနတစ်ခုမှာပါပဲ။ အေးသိသားပဲ။ ကျွန်တော်က ဆယ်တန်းဖြေတုန်းက ဘယ်လိုခြေလက်ချော်ပြီး သင်္ချာဂုဏ်ထူးရခဲ့တယ်ဆိုတာ ခုထိ မပြောပြတတ်ပေမယ့် ၁၄နဲ့ ၉နဲ့ ပေါင်းဖို့ရာတောင် အင်မတန် ဝန်လေးတဲ့သူ · · ·။



BURMESE CLASSIC .com

BURMESE CLASSIC .com

"သူငယ်ချင်းတစ်ယောက် အလုပ်ထွက်သွားတဲ့နေရာမှာ ကျွန်တော်ဝင်လုပ်ရတယ်။ သူငယ်ချင်းက အလုပ်လွှဲသွားတဲ့အခါ စာရင်းတွေက တစ်မျိုးဖြစ်နေတယ်။ ကျွန်တော်ကတော့ ရသင့်တာထက် အလကားပိုရတာကို ကြိုက်ဖို့ကောင်းတယ်မထင်ပါဘူး။ ပြောနေရတောင် ရှက်ဖွယ်လို့ထင်ပါတယ်။ သူငယ်ချင်းကတော့ ပူမနေပါနဲ့ကွာဆိုပြီး ကျွန်တော့်ပုခုံးကို လက်နဲ့ နာနာဖျစ်ပြီး သွားတော့တာပါပဲ။ ပြီးတော့ ဟောင်ကောင်ကိုထွက်သွားပြီး အလုပ်လုပ်နေတယ်လို့ ကြားတာပါပဲ။ နှစ်လကျော်လောက်ကြာတော့ အစိုးရငွေအလွဲသုံးစားမှုဆိုလား၊ ဘာလား။ အဲဒီအမှုနဲ့ ကျွန်တော့်ကို ဖမ်းတော့တာပါပဲ • • "။

"တရားရုံးမှာ ကျွန်တော်ဟာ လူပြက်ပဲ၊ လူတွေက သိပ်ရယ်ကြတယ်။ ကျွန်တော်စာရင်းအင်းမှားတာကို သူတို့ရယ်တာမှုတ်ဘူး။ ကျွန်တော်က ရှေ့ကအလုပ်လွှဲသွားပြီး ဟောင်ကောင်ကိုထွက်သွားတဲ့လူကို သူငယ်ချင်းလို့ခေါ်တာ ယုံသေးတာကို ရယ်ကြတာပါ။ ဒါ ရယ်စရာမဟုတ်ဘူးလို့ ထင်တာပါပဲ။ သူငယ်ချင်းကို ကျွန်တော်တွေ့ချင်သေးတယ်။ သူ ကျွန်တော့်ကိုလိမ်သွားတယ်၊ ချောက်ချသွားတယ်လို့ ကျွန်တော်မထင်နိုင်သေးဘူး။ သူငယ်ချင်းနဲ့ ရင်ဆိုင်တွေ့ပြီးမှပဲ ကျွန်တော်ဆုံးဖြတ်ချင်ပါတယ်။ ပြီးတော့ သူသည်လိုလုပ်ဖို့လည်း အကြောင်းမရှိပါဘူး။ လူရင့်မာကြီးပဲ။ ကျွန်တော့်အပေါ်လုပ်မယ်လို့လည်း မထင်ပါဘူး။ လုပ်ရင်လည်း သူ့မှာ

BURMESE CLASSIC .com

အကြောင်းပြချက် လုံလုံလောက်လောက်ရှိလိမ့်မယ်။ ရှိရမှာမို့ သိပ်အပြစ်ဆိုစရာ ရှိနိုင်မယ်မှုတ်ပါဘူး။ ကျွန်တော် သူ့ကို သနားချင်တာပါပဲ။ သူ့အစား တရားရုံးကို ရောက်ရတာထက် ကောင်းတဲ့အကူအညီပေးလိုက်ချင်တယ်။ သူတကယ် လျော်စရာရှိနေတယ်ဆိုရင်၊ ကျွန်တော့်ခြံမြေကလေးနဲ့ အိမ်ကိုရောင်းပြီး ပေးလိုက်နိုင်သားပဲ။ ကမ္ဘာပေါ်က ပစ္စည်းပစ္စယအားလုံးဟာ လူအားလုံးအတွက်ပဲမှုတ်လား။ ကမ္ဘာ့ပစ္စည်းတွေက ကျန်ရစ်အုံးမှာပါ။ လူတွေကသေသွားကြမှာပါ။ မွေးလာတဲ့လူတွေက ပိုင်ကြအုံးမှာပါ။

"ကျွန်တော်လည်း ကိုယ့်ကိုယ်ကို ရယ်တာပါပဲ။ ရယ်တာကတော့ ကျွန်တော်စာရင်းအင်းဌာနမှာ ဝင်လုပ်မိတာကို ရယ်တာပါ။ ကျွန်တော့် ဆယ်တန်းအောင်လက်မှတ်က သင်္ချာဂုဏ်ထူးဆိုတဲ့ စာလုံးတွေကိုရယ်တာပါ။ ကျွန်တော် သင်္ချာဖျင်းတာမှန်ပါလျက်နဲ့ ကြက်ကန်းဆန်အိုးတိုးမိတာဟာ ဖျောက်လို့မရတဲ့ ဂုဏ်ထူးဝိသေသဖြစ်နေတာကို ရယ်တာပါ။ ကျွန်တော့်အတွက် (အားလုံးအတွက်လည်း သည်လိုပါပဲ) စက္ကူတစ်စဟာ လူ့ထက်အရေးကြီးနေတာ . . .၊ စက္ကူတစ်စက လူထက်အမှန်တရားအစစ်ဖြစ်နေတာကို ရယ်ချင်တာပါ။

"ကျွန်တော့်ကို အလုပ်ရှာပေး လွှဲပေးသွားတဲ့ သူငယ်ချင်းအပေါ် ကျွန်တော်မဆုံးဖြတ်သေးတာကတော့ ရယ်စရာမဟုတ်ဘူးလို့ ထင်ပါတယ်။ ရယ်မယ့်အစား

BURMESE CLASSIC .com

ကျွန်တော်နဲ့ သဘောချင်း တိုက်ဆိုင်ကြဖို့ကောင်းတယ်။ ထောက်ခံကြဖို့ကောင်းတယ်။

“ပြီးတော့ စွပ်စွဲတာနဲ့ အပြစ်ရှိတာ တခြားစီပဲ။ မှုတ်ဘူးလားအေးရယ်၊ တူတူဘဲသာဆိုရင် အစွပ်အစွဲခံရတဲ့ ကျွန်တော်ဟာလည်း အပြစ်ရှိတာပေါ့။ အေးလေ အပြစ်ရှိတယ်လို့ ထင်တဲ့လူတွေ အများကြီးရှိမှာပါပဲ။ ကျွန်တော် ရုံးမင်းတစ်ထိုင်အပြစ်ရတယ်။ အလုပ်ပြုတ်သွားတယ်။ ဘာတွေရွှတ်ဖတ်နေကြတယ်တော့ နားမထောင်လိုက်ပါဘူး။ စီရင်ချက်ချတာ ဖတ်ပြတာ မကြားလိုက်ပါဘူး။ ကျွန်တော် စဉ်းစားနေတာကတော့ ထောင်သုံးလလောက်ကျရင် ကောင်းမှာလို့။ သံတိုင်အနောက်ကလူတွေနဲ့ နေဖူးလိုက်ချင်တယ်။ နည်းနည်းလေ့လာကြည့်ချင်တယ်။ ပင်ပန်းဆင်းရဲမှာလည်း မကြောက်ပါဘူး။ ကျွန်တော့်လက်တွေက မြေပေါက်နေကျပဲ။ မပြုံးပါနဲ့အေးရယ်။ ကျွန်တော့်ပန်းချီကားတွေ ရောင်းရလာတာ ၁၀နှစ် မရှိသေးပါဘူး။ ခုလဲ ကရင်လေးနဲ့ မြေဝိုင်းပေါက်နေတာပါပဲ။

“တရားသူကြီးကမေးတယ်။ ခင်ဗျားမှာ ဘာပြောစရာရှိသေးလဲတဲ့။ ကျွန်တော်လည်း စိတ်ထဲရှိရာ ထွက်သွားမိတယ်။ ကျွန်တော် ထောင်သုံးလလောက် ကျချင်တယ်လို့ ဘယ်လိုနေလဲလို့ သိချင်လို့ဆိုတော့ ဘာပြောသလဲသိလား ··· အရူးထောင်ပဲ ဖြစ်နိုင်မယ်တဲ့ဗျား ···”

“ကျွန်တော်ကလည်း ပြောလိုက်တယ်။ အပန်းမကြီး

BURMESE CLASSIC .com

ပါဘူး။ ဒါလည်းလေ့လာစရာပါပဲလို့၊ ဘဝနဲ့နီးစပ်ရတာ ကောင်းတာပါပဲလို့ ကျွန်တော်က အဲသည်အတိုင်း ယဉ်ယဉ် ကျေးကျေး ပြောတာအမှန်ပါပဲ။ ဒါပေမယ့် ရုံးတော်ကို မရိုသေမှုနဲ့ ဒဏ်ချလိုက်သေးတယ်။ ထောင်ကိုတော့ မပို့ ပေးဘူး။

♦ ♦ ♦

BURMESE CLASSIC .com

"နုနု ကျွန်တော့်တို့သားလေးကို ကိုယ်ဝန်ဆောင်တဲ့ အခါကျတော့ ကျွန်တော်အပျော်ဆုံးပဲ၊ နုနုဟာ လှလိုက်တာ ဗျာ။ အဲသည်အချိန်လောက် သူတစ်ခါမှ မလှဖူးဘူးထင်တာ ပဲ။ မျက်နှာလေးဆိုဝင်းလို့၊ အသားကလေးကဝါလို့၊ ခလေးဖို့ အင်္ကျီကလေးတွေချုပ်လိုက်၊ သိုးမွှေးထိုးလိုက်၊ ဂွမ်းစောင် ဝယ်လိုက်နဲ့ ပွားများလာတဲ့အချစ်အတွက် ပြန်ဆင်နေတာ မြင်ရတာ တကယ်ပျော်စရာကောင်းတယ်။

"သားလေးမွေးပြီးတဲ့အချိန်မှာ ကျွန်တော်ပန်းချီဆရာ တကယ်ဖြစ်လာတာပဲ။ သားနဲ့မိခင်ဆိုတာတွေ အများကြီး ကျွန်တော်ဆွဲခဲ့တယ်။ တစ်ခါတော့ "ဧဒင်ဥယျာဉ်ထဲမှ သားအမိ"ဆိုပြီး နာမည်ပေးလိုက်တော့ တော်တော် အပြော အဆိုခံရတယ်။ ခရစ်ယာန်ဘာသာနဲ့ ဆန့်ကျင်တယ် ဆိုပြီး ပေါ့။

"နုနဲ့ကလေးရဲ့ပုံတွေကို အဝတ်မပါပဲချည်းဆွဲခဲ့တယ်။ ဒါကိုနုနုက မကျေနပ်ဘူးဗျ။ အဲသည်တစ်ချက်မှာ ကျွန်တော် တော်တော် တကိုယ်ကောင်းဆန်ခဲ့တယ် ထင်ပါရဲ့။ ဒါပေမယ့်

www.burmeseclassic.com


လူဟာ အချစ်အတွက် နဂိုသဘာဝအမိမွေးတဲ့အတိုင်း ဘဝကို ပြန်ရောက်ရတာအမှန်ပါပဲ။ စိတ်ရောရုပ်ရောပေါ့။ ဒါနဲ့"အချစ်အတွက် အဝတ်လှစ်ရသည်"လို့ ကလေးနို့တိုက်နေပုံတစ်ပုံပြပွဲတင်လိုက်တာ နာမည်ပြင်ခိုင်းတယ်ဗျ။ ကျွန်တော်မပြင်နိုင်ဘူး။ ဒါနဲ့အိမ်ပြန်ယူလာတယ်။ ညစ်ညမ်းတဲ့စိတ်တွေကို ညစ်ညမ်းတဲ့အတွေးတွေနဲ့ ထားခဲ့တယ်။ မရှင်းပြပါဘူး။

"ကျွန်တော့်ဖာသာကတော့ အဲဒီပုံကို တော်တော်ကြိုက်တယ်။ အလှတစ်ရပ်ကို ကံအားလျော်စွာ ပိုင်ဆိုင်လိုက်ခြင်းလို့ထင်တယ်။ ဒါပေမယ့် နုနုက စိတ်ဆိုးပြန်တယ်။ ဘာဖြစ်လို့လဲလို့တော့ နားမလည်လိုက်ပါဘူး။ သတင်းကြားပြီး ဝယ်ချင်တဲ့လူလိုက်လာတော့ နုနုကျေနပ်သွားပြန်တယ်။ ကျွန်တော်ထင်တော့ နုနုဟာ ပန်းချီကားအရောင်းအဝယ်ဖြစ်တာကိုတော့ သဘောကျတယ်။ ဒါပါပဲ။ သည်တော့ ကျွန်တော်ဝမ်းနည်းတယ်။

"အဲသည်ပန်းချီကားအတွက် ကျွန်တော်တို့ တော်တော်စကားများရတယ်။ ကျွန်တော်က မရောင်းချင်ဘူး။ နုနုက ငွေလိုနေတာချည်းပဲ။ အိမ်မှာ စားစရာလည်း အပြည့်ရှိလျက်နဲ့ နုနုကတော့ သားရဲ့ဘဝအတွက် ပြင်ဆင်တယ်ပေါ့ ...။

"ကောင်းပြီ၊ သားကိုဘယ်လိုမွေးမလဲလို့ ကျွန်တော်တို့ဆွေးနွေးကြတယ်။ ဘယ်ကိုမှတော့မရောက်ပါဘူး။ ဘာ

BURMESE CLASSIC .com

ကြောင့်လဲဆိုတော့ နုနုဟာ ကျွန်တော့်သားကို ကျွန်တော်နဲ့ မတူစေရဘူးဆိုတာ အရင်းခံထားလို့ဖြစ်တယ်။ ကျွန်တော်က တော့ နုနုကို အဖော်အဖြစ် မမျှော်လင့်တော့ဘူးဆိုတဲ့ တစ်နေ့မှာ သားကအဖော်ဖြစ်လာမယ်လို့ ထင်စားထား တယ်။ အဖော်ဖြစ်လာချင်တယ်ဆိုတာလဲ ကျွန်တော့်ကို နားလည်စေချင်တာပါပဲ။ ကျွန်တော်နဲ့တူစေချင်တာမှုတ်ပါဘူး။ မတူရဘူးလို့လဲ မဟုတ်ဘူး။

"သားကို လွတ်လပ်ခွင့်ပေးချင်တယ်။ သူဖြစ်စေချင် တာဖြစ်ရမယ်။ လုပ်ချင်တာလုပ်ရမယ်။ သားရဲ့စိတ်ကူးကို ကျွန်တော်ရိုသေချင်တယ်။ သားရဲ့ လူအဖြစ်ကို မျှော်တွေး တယ်။ ကလေးဟာ မိဘနှစ်ပါးလုံးရဲ့ ပိုင်ဆိုင်တဲ့ပစ္စည်း မဟုတ်ဘူး။ ချယ်လှယ်စရာမဟုတ်ဘူး။ တသီးတခြား ဖြစ်ထွန်းရမယ့် လူ့ဘဝတစ်ရပ်ဖြစ်တယ်။ မိဘက ကူညီရုံ၊ ထောက်ပံ့ရုံပဲ။

"နုနုကငြင်းပြန်တယ်။ ကျွန်တော်ဟာ တာဝန်မဲ့တယ် တဲ့၊ ကလေးကိုဖျက်ဆီးတယ်တဲ့ . . .။

"နုနုက ကလေးကို စည်းကမ်းကြီးတွေနဲ့ ချုပ်ချယ် လာတာမြင်ရတယ်။ စိတ်မချမ်းသာစရာ တကယ်ကောင်း တယ်အေးရယ် . . .။ ဟိုဟာမလုပ်ရဘူး။ ဒီဟာမကိုင်ရဘူးနဲ့။ ကျွန်တော်နဲ့ရန်ဖြစ်ရင် ကလေးကိုမဲရိုက်ချင်ရိုက်နေပြန်ရော၊ ကိုယ့်ရင်ကဖြစ်တဲ့ကလေးကို အသားနာအောင်လုပ်ရက် လိုက်တာ"

www.burmeseclassic.com

BURMESE CLASSIC .com

"တစ်ခါ ကလေးက ပန်းကန်ခွဲလို့ လက်ဖျားကိုရိုက်တော့ ကျွန်တော်ကပြောမိတယ်။ ပန်းကန်တစ်ချပ်ဟာ ကလေး စိတ်တစ်ချက်နာကျင်သွားတာရဲ့ ဆယ်ပုံတစ်ပုံ အဖိုးမတန်ပါဘူး။ လူဟာပစ္စည်းရဲ့ကျွန်မဟုတ်ဘူးဆိုတော့ ကျွန်တော်ချစ်တဲ့ နှလုံးပူနွေးမယ်ထင်ရတဲ့၊ နူးညံ့ပျော့ပျောင်းတဲ့၊ ခဏခဏငိုတတ်တဲ့နုနုဟာ ဘာလုပ်တယ်ထင်သလဲ . . .။

"ကျွန်တော့် စုတ်တံပြားကြီးကို ဆေးမဲနှစ်ပြီး ကျွန်တော်မရောင်းရက်လို့ထားတဲ့ အဝတ်လှစ်ရသည်ဆိုတဲ့ ပန်းချီကားကို ကြက်ခြေခတ်ပစ်လိုက်တယ်။

"ကျွန်တော်မတားပါဘူး။ ကြည့်နေလိုက်တယ်။ စိတ်လည်း မဆိုးပါဘူး။ အံ့ဩတယ်၊ ငိုချင်တယ်၊ ဒါပါပဲ . . .။

"နုနုကတော့ပြောတယ်။ ရှင့်မှာထိခိုက်စရာ အသည်းနှလုံးမှမရှိဘဲ။ အေးစက်စက်နဲ့ ကြည့်နေနိုင်တာပေါ့တဲ့။

"ကျွန်တော်စဉ်းစားတယ်။ နုနုဟာ ကြမ်းတမ်းတဲ့ မိန်းကလေးမဟုတ်ခဲ့ဘူး၊ မိန်းမပီသတာတော့မှန်တယ်။ အနည်းငယ်သေးနုပ်တယ်၊ သို့ပေမယ့် ပျော့ပျောင်းတယ်၊ ချစ်ခင်တတ်တယ်။ ကျွန်တော့်ဘက်က ဘာမှဂတိများစွာပေးခြင်းမရှိဘဲနဲ့ ကျွန်တော့်နောက်ကို လိုက်လာတယ်။ မြို့ဆန်တဲ့ သူ့အဆောင်အယောင်တွေကို ခွဲခွာခဲ့ပြီး သည်မရမ်းခြံ မြို့စွန်မှာလာနေတယ်။ သူ့ဘက်က အများကြီးကြိုးစားခဲ့တယ် ဆိုရမှာပေါ့"

**ရည်မွန်ဦးစာစဉ**

www.burmeseclassic.com

BURMESE CLASSIC .com

"ကျွန်တော်တို့နှစ်ယောက် ပေါင်းစပ်လိုက်တာဟာ အပေါင်းလက္ခဏာမထွက်တော့ပဲ အနှုတ်လက္ခဏာထွက်နေပြီလား။

"ကျွန်တော့်အလိုကိုလိုက်ပြီး နေ့စဉ်ရက်ဆက် ကလေးနို့တိုက်ထိုင်ခဲ့တာတွေ သတိရတယ်။ အဲသည်ပုံဖြစ်အောင် သူဟာအင်မတန် စိတ်ရှည်လက်ရှည်နဲ့ ပုံတူဆွဲခံခဲ့တယ်။ ပြုံးပြုံးကလေးနေခဲ့တယ်။ ကျွန်တော်ဂျီးများတာလဲ အေးသိသားပဲ၊ နုနုသည်းခံခဲ့တာ အမှန်ပါပဲ။ တစ်နေ့တစ်နေ့ထိုင်ပြီး အပြုံးကလေးနဲ့ ကလေးပွေ့ပြီး ကိုယ်ဟန်ပြခဲ့တယ်။ ကျွန်တော့်ကို အများကြီးပေးလိုက်တယ်။ သို့ပေမယ့် ဆေးမဲနဲ့ကြက်ခြေခတ်ပြီး ပေးပြီးသားကို ပြန်ယူသွားပြန်တယ်။

"အဲသည်ပန်းချီကားကို ဧည့်ခန်းထဲကနေ အိပ်ခန်းထဲ ရွှေ့လိုက်တယ်။ အိပ်ရာခေါင်းရင်းမှာထားလိုက်တယ်။ အဲဒါကျွန်တော့်ရဲ့အမှားပဲ ထင်ပါရဲ့။ ခေါင်းရင်းက ချောက်လှန့်နေတဲ့ပုံကြောင့် ကျွန်တော်နဲ့နုဟာ ပွေ့ပိုက်နေလျက်က ခွာလိုက်ကြတယ်။ နမ်းရှုပ်နေလျက် ခွဲလိုက်ကြတယ်။ လရောင် ကြယ်ရောင်မတိုးနိုင်တဲ့ မှောင်မိုက်တဲ့ တစ်ခါတစ်လေ ညများမှာသာ ကျွန်တော်တို့ဟာ ပြန်လည်ရင်းနှီးပြီး အလင်းရောင်သန်းလာပြန်တော့ ပြန်လည်စိမ်းကားသွားကြတာပါပဲ။

"နုနုမှာလဲ သာမန်မိန်းမတို့ရဲ့ မာနခေါ်မလား၊ ခေါင်းမာတယ်ခေါ်မလား၊ အဲဒါရှိတယ်။ သူဟာ သူ့သားကို ပိုပြီး

BURMESE CLASSIC .com

တင်းတင်းကြပ်ကြပ်လုပ်လာတယ်။ ကျွန်တော်ဝယ်ပေးထားတဲ့ စုတ်တံကိုင်ရင် ပေတယ်၊ ပလာစတာရွှံ့ကို ရွံစရာ၊ ပတ္တလားခေါက်ရင်တောင် နားငြီးတယ်ဆိုပြီး ကလေးကို ကကြီးခခွေးနဲ့ အေဘီစီဒီသာ အတင်းသင်တော့တာပါပဲ။

"မနက်မိုးလင်းရင် ကလေးကို လမ်းလျှောက်သင်ခွင့် ခေါ်ခွင့် ကျွန်တော်မရတော့ဘူး။

♦ ♦ ♦

www.burmeseclassic.com


"နုနုဟာ မပျော်ဘူး။ သူပျော်အောင် ဘယ်လိုလုပ်ရပါ့မလဲလို့ ကျွန်တော်စဉ်းစားတယ်။ နုနုဘာလုပ်ချင်သလဲလို့ စဉ်းစားတယ်။

"နုနု ဘာမှမလုပ်ချင်ဘူးဗျ။ လူ့ဘဝမှာ သူလုပ်စရာ ဘာမှမရှိဘူး။ အနည်းဆုံးဘီအေအောင်အောင်နေလိုက်ပြီးမှ ကျွန်တော်တို့ယူလိုက်ကြရင် သူဟာကျောင်းဆရာမ၊ ရုံးဝန်ထမ်း စသည်ဖြင့် လုပ်စရာအလုပ်တစ်ခု ထူးထူးဆန်းဆန်းမဟုတ်တောင် ရှိနေရင်သက်သာမှာပဲ။

"ကြည်နူးမှုဆိုတာ သူမရနိုင်ရှာဘူး။ ကျွန်တော်သင်ပေးချင်ပါရဲ့။ တစ်ခါ ရွာစွန်းက ကြာအိုင်ကို အတင်းခေါ်သွားမိတယ်။ နွေကုန်စ နေရောင်ပျပျသာတဲ့ တစ်မနက်ခင်းမှာပဲ မှတ်မိပါရဲ့။ ကြာအိုင်နဖူးမှာ ကောက်ကောက်ကွေ့ကွေ့ ပေါက်နေတဲ့ အမျိုးအမည်လည်း ကျွန်တော်မသိတဲ့ သစ်ပင်က သစ်ရွက်တွေ လေဟုန့်တိုင်းကြွေနေတယ်။ ဝါဖန့်ဖန့်၊ စိမ်းလဲ့လဲ့အရွက်ကလေးတွေ ပတ်ချာလည်ပြီး စောင်းရွေရွေနဲ့ ရေပြင်ပေါ်ကြွေကျတယ်။ လှလိုက်တာဗျာ၊ ပြောမပြ

www.burmeseclassic.com


နိုင်လောက်အောင်ပါပဲ။ အဲသည်အလှကို ကျွန်တော် ခုထက်ထိ ဆွဲလို့မရသေးဘူး။ ဥပမာကတော့ ဆီလျော်ပါ့မလား မသိဘူး။ ဒါပေမယ့် ကျွန်တော်ကတော့ နားထဲမှာ နတ်စောင်းငြင်းသံကြားလိုက်ရသလိုပဲ။ (နတ်စောင်းငြင်းသံကို မဆွဲရသေးပေမယ့် ကျွန်တော်နာမည်ပေးထားတယ်) နုရယ် ကြည့်ပါဦးလို့ ကျွန်တော်ပြောမိပေမယ့် နုနုက သမန်ကာရှံကာပဲဗျ။ သူဘာမှ မမြင်လိုက်ဘူး။

"ကျွန်တော်တော့ အိပ်မပျော်တဲ့ညတွေ၊ စိတ်လေတဲ့အခါတွေမှာ အဲသည်စိတ်မျက်စိထဲကပုံကို ပြန်မြင်လိုက်ရင် တည်ငြိမ်သွားတာပဲ၊ မျက်ရည်လဲကျလာတယ်။ အမှန်တရားနဲ့ နီးစပ်လာတယ်။

"အလှကိုမမြင်တဲ့သူဟာ အချစ်ဆိုတာကော ရှိပါ့မလား။ တောထဲက တိရစ္ဆာန်တွေဟာ နေထွက်လာတာ၊ လတက်လာတာ၊ မိုးပေါက်တွေကြဲချတာ၊ သစ်ပင်သစ်ရည်တက်လာတာနဲ့ ရင်းနှီးပေမယ့် အလှကိုမမြင်ကြဘူး။ အချစ်ဆိုတာမရှိဘူး၊ တပ်မက်တာ ကိုယ်လက်ရင်းနှီးတာပဲရှိမယ်။ တိရစ္ဆာန်လောကမှာ သစ္စာတရားဆိုတာ မရှိပါဘူး။

"တကယ်ပဲ နုနုကို ကျွန်တော်အထင်သေးလာတယ်။ သာမန်အချည်းနှီး မိန်းမတစ်ယောက်လို့ပဲ မြင်လာတယ်။ သူကလဲ ကျွန်တော့်ကိုအထင်သေးတာပဲ။ လက်တွေ့မဆန်သူပေါ့။ ကျွန်တော့်အချစ်ကိုတောင် လူကိုချစ်တာမဟုတ်၊ အချစ်ဆိုတဲ့တရားကို ချစ်နေတာ၊ စိတ်ကူးယဉ်နေတာ၊

www.burmeseclassic.com


သာယာနေတာလို့ စွပ်စွဲလာတယ်။

"နောက်ဆုံးတော့ အကျင့်စာရိတ္တမကောင်းဘူးလို့ တောင် ထိပါးလာပါတော့တယ်။

"အဲသည်အဖြစ် ဖြစ်ရတာကတော့ နုနုဘယ်တော့မှ နားလည်နိုင်မယ် မဟုတ်ပေမယ့် အေးတော့နားလည်မယ် ထင်တာပဲ။ မရမ်းခြံမြောက်ဘက်ရွာမှာ အငြိမ့်အဖွဲ့တွေ အများကြီးရှိတယ်ဗျ။ ဆိုင်းဘုတ်တွေကို စီနေတာပဲ။ ဇာတ်မင်းသားတွေလည်း တော်တော်ထွက်တယ်။

"အဲသည်ရွာက အငြိမ့်သမလေးတစ်ယောက်ကို ကျွန်တော်ခေါ်ပြီး ပတ်ချာလှည့်ကခိုင်းပြီး လှုပ်ရှားနေတဲ့ ကဟန်ကို ကျွန်တော်ဆွဲယူတယ်။ ကလေးမလေးက ၁၅ နှစ်လောက် ရှိဦးမယ်။ သေးသေးသွယ်သွယ်ဖြူဖြူကလေး၊ ကလေးငယ်လေးလိုပဲ ဖွံ့ဖွံ့ဖြိုးဖြိုး နည်းနည်းမှမရှိပါဘူး။ လှလှပပကြည်ကြည်လင်လင်ကလေးပဲ။ တော်တော်ချစ်စရာ ကောင်းတယ်။ အကလည်းအင်မတန်ညက်တယ်။ ကြော့ရှင်း တယ်၊ ပီသတယ်၊ ပိုက်ဆံလည်း သိပ်မပေးရဘူးဗျ။

"ကျွန်တော်ကလည်း မနေနိုင်လို့သာ ပန်းချီဆွဲနေ တာ၊ ပန်းချီဆရာမှမဖြစ်သေးတာ၊ နုနုကိုတောင် မောင်ပန်းချီ ဆွဲမယ်လို့ ရဲရဲပြောဝံ့တာမှုတ်ဖူး။ ကောင်မလေးကတာ ကြည့် ကောင်းလို့ပါလို့ မရေမရာပြောပြီး တိပ်ခွေဖွင့်ပြီး ကခိုင်းပြီး ခဲနဲ့ခြစ်နေတာက တော်တော်ကြာတာကို

"နုနုက ထုံးစံအတိုင်း ငြူစူနေတာပါပဲ။ တစ်နေ့တော့

ကျွန်တော်လိုရာကို ရခဲ့တယ်။ ဂျိုးဖြူလေးအတောင်ခတ်ဟန်၊ လိပ်ပြာဝဲဟန်၊ သစ်ကိုင်းညွတ်ဟန်၊ ကြာဖူးငုံအာလာဟန်တွေ ကလေးမလေး ကပြတာကို ခဲနဲ့ပုံအမျိုးမျိုးကူးနေရာက ဆီဆေးဖြစ်သွားတယ်။ ပုံကခပ်သေးသေးပေမယ့် ၃ပုံတိတိ ရလိုက်တယ်။ ပန်းချီကားဟာ လှုပ်ရှားနေတယ်။ လက်က လေးတွေဟာ ကခုန်လို့ကိုနေတယ်၊ ပျံ့ဝဲနေတယ်၊ ကော့နေ တယ်။

"ကျွန်တော်ဝမ်းသာလွန်းလို့ ကလေးမလေးကို အငြိမ့်ကရင်ဝတ်ဖို့ ရွှေချည်ထိုးထမီဝယ်ပေးလိုက်တယ်။ ညီမ အရွယ်၊ တူမလေးအရွယ်ပေမယ့် ပူဇော်တဲ့သဘောပါပဲ။ သည်ထက်မကပေးချင်ပါသေးတယ်။ နုနုကတော့ ခပ်စိမ်းစိမ်း ကြည့်နေတယ်ပေါ့ဗျာ။

"ဒါပေမယ့် တော်ပြီ ... ဆေးတစ်စက်မှ ထပ်မတို့ နိုင်တော့ဘူး။ မတို့တတ်တော့ဘူးလို့ ဆုံးဖြတ်ပြီး စိတ်အေး ချမ်းသွားတဲ့တစ်နေ့မှာ ပန်းချီကားပေါ်က နူးညံ့ပျော့ပျောင်းတဲ့ ဝဲပျံနေတဲ့ အငြိမ့်သမလက်ကလေးကို ကျွန်တော်နမ်းလိုက်မိ ရင်တော့ နုနုဟာ ကျွန်တော့်အကျင့်စာရိတ္တကို ထိပါးပြော တော့တာပါပဲ။

"နုနုကပြောတယ်။ လူအစစ်က ပိုနမ်းလို့မကောင်း ဘူးလားတဲ့၊ မနမ်းချင်ဘူးလားတဲ့။ ကျွန်တော်ကလဲ အတတ် နိုင်ဆုံးမှန်ရာကို ပြောချင်တဲ့သူဆိုတော့ အေးကွာ ... အဲသည်ကလေးမကလေးကို အင်မတန်လှအောင် ကပြီးတဲ့

www.burmeseclassic.com


BURMESE CLASSIC .com

အခါမျိုးမှ အားရပါးရပွေ့ဖက်ပြီး နဖူးကလေးနမ်းလိုက်ချင်တယ်။ သူ့နဖူးကလေးမှာ ချွေးစို့နေတတ်တယ်လို့ ပြောမိတယ်။

"ပြီးတော့ကောမောင်လို့ နုနုကမေးတော့ ...

"ပြီးတော့ ... ပန်းစိုက်အိုးထဲက နှင်းဆီငုံကလေး ပွင့်အာလာလဲ မောင်နမ်းမိတယ်။ သားကလေး သီချင်းဆိုနေတဲ့အခါလဲ မောင်နမ်းမိတယ်။ နုမောင့်ကိုနားလည်လာမယ့်အခါမှာလည်း မောင်နမ်းမိမှာပါပဲလို့ ဖြေလိုက်တယ်။

"မောင်က အလှမြင်ရင် နမ်းချင်သူဆိုပါတော့လို့ နုနုကသရော်တဲ့အခါ၊ ကျွန်တော်က ဒါအပြစ်မဟုတ်ပါဘူး နုရဲ့၊ အဲသည်အလှကိုမြင်တဲ့အခါမှာ မောင်ဟာလဲမောင်မဟုတ်တော့ဘူး။ ဟောသည်ဘဝ ဟောသည်ကမ္ဘာမှာ လူဖြစ်နေတာလဲ မဟုတ်တော့ဘူး။ အင်မတန်စင်ကြယ်တဲ့ အဖြစ်ပါလို့ဆိုတော့ နုနုကနားမလည်တာလား။ မယုံတာလား မသိပါဘူး။ ခေါင်းခါနေတယ်။

"အဲသည်အလှကို ယစ်မူးရတာ ကောင်းပြီးရင်းကောင်းရင်းနဲ့ မခွဲနိုင်မခွာရက်ဖြစ်တော့မှာ မဟုတ်ဘူးလားလို့ နုကပြောတော့ ယေဘုယျအားဖြင့် ဖြစ်နိုင်တာပြောရတာမှတ်လား။ နယ်နမိတ်သတ်မှတ်ထားတာလဲ ရှိတာပေါ့။ နုနုကတော့ ရယ်တယ်ဗျာ။

"ကျွန်တော့်ကို အကျင့်စာရိတ္တမကောင်းတဲ့လူ၊ ပျက်စီးတဲ့လူလို့ဆိုတယ်။ အကျင့်စာရိတ္တဆိုတာလဲ နေရာအမျိုး

www.burmeseclassic.com

မျိုး၊ ခေတ်အမျိုးမျိုးမှာ လူတို့သတ်မှတ်ထားတဲ့ စည်းကမ်းပဲ မှတ်လား။ ပြောင်းလွဲနေတတ်တာပဲ။ ကျွန်တော်ကတော့ ရိုးဖြောင့်ချင်သူမျှသာဖြစ်ပါတယ်။ အကျင့်စာရိတ္တကောင်းတယ်၊ မကောင်းဘူးဆိုတာ ကျွန်တော့်မှာမရှိပါဘူး။ ကျွန်တော်နှစ်သက်သဘောကျသလိုသာ သူများကိုမထိပါးစေပဲ နေချင်ပါတယ်။ ကျွန်တော့်ကို အကျင့်စာရိတ္တပျက်တယ်လို့ ပြောမယ့်အစား အကျင့်စာရိတ္တ အဆိုးအကောင်း မသတ်မှတ်သူလို့ခေါ်ရင် ပိုမှန်မယ်ထင်ပါရဲ့။

နုနုကတော့ အငြိမ့်သမလေးကို အိမ်မလာနဲ့တော့ လို့ နှင်လိုက်တယ်။

♦ ♦ ♦

www.burmeseclassic.com


"သည့်နောက်တော့ နုနုဟာ သနားစရာကောင်းလာတယ်၊ အရှုးပမာဖြစ်နေတယ်၊ ကလေးကိုတောင် ဂရုမစိုက်နိုင်တော့ဘူး။ ကျွန်တော်တို့ ငွေလည်းတော်တော်ကြပ်တယ်။ ခြံထဲမှာ နှင်းဆီတွေစိုက်တာကလဲကုန်၊ ဆီဆေးတွေဝယ်ရတာကလည်း ကျွန်တော်ကလောဘကြီးတော့ ဝယ်လို့ပိုက်ဆံမလောက်နိုင်ဘူး။ နုနုကမိန်းမပီပီ စကော့ဈေးသွားချင်မယ်။ လက်ဝတ်လက်စားမက်မယ်။ ရုပ်ရှင်ကြည့်ချင်မယ်ဆိုပြီး သတိရတာတော့အမှန်ပါပဲ။ အဲသည်လိုဖြစ်နေတုန်း နုနုက သူငယ်ချင်းဟောင်းတွေနဲ့ပြန်ပေါင်းပြီး ထမင်းထွက်စားဖို့တို့၊ ပျော်ပွဲစားထွက်ဖို့တို့ လာခေါ်တာနောက်လိုက်စပြုလာတယ်။

"နုနုသည်လိုနေရမှ ပျော်ရွှင်မယ်ဆိုရင် ကျွန်တော်ကြည်ဖြူရုံမက ဝမ်းတောင်သာပါရဲ့။ နုနုမှာ ကျွန်တော်နဲ့

www.burmeseclassic.com


မဆီဆိုင်တဲ့၊ မစပ်ဟပ်နိုင်တဲ့ အသွေးအကွက်လေးတွေ ရှိမှာ ပေါ့။ လျှောက်ပတ်ရာအလင်းရောင်နဲ့တိုက်မိပြီး ပြိုးပြက်ဝင်း လက်လာတာကို မငြူစူသင့်ပါဘူး။

"သူ့လူ့ဘဝမှာ နေထိုင်တတ်လာတယ်ထင်ပြီး ကျွန်တော်ဝမ်းသာအားရနဲ့ ပန်းချီကားတစ်ကားရောင်းရသမျှ အကုန်သုံးပစ်ဖို့ ပေးလိုက်သေးတယ်။ နှစ်ထောင့်ငါးရာ လောက် ထင်ပါရဲ့။

"နုနုက သူမသုံးချင်ပါဘူးဆိုပြီး သားလေးနာမည်နဲ့ ဘဏ်မှာငွေစုစာရင်းဖွင့်သတဲ့။ ပထမတော့ နုနုစိတ်ကောက် မှန်း သိတောင်မသိပါဘူး။ သူ့သဘောကျရာလုပ်တယ် အောက်မေ့တာပဲ။ ကျွန်တော်ကထွေထွေရာရာလည်း မစဉ်း စားတတ်ဖူးမှတ်လား။

နုနုကသူ့အတွက် အကုန်ခံတဲ့လူ ရှိပါတယ်တဲ့။ သူ့ မောင်နှစ်ဝမ်းကွဲဆိုလား။ ဘိလပ်ကပြန်လာစ အင်ဂျင်နီယာ ကောင်လေးနဲ့ တော်တော်တွဲနေတယ်။ ကောင်လေးက ကိုယ်ပိုင်ကားဝပ်ရှော့အကြီးအကျယ်ဖွင့်ထားပြီး လွတ်လပ်နေ တော့ နုနုကို နေ့တိုင်းလာခေါ်နေတာပေါ့။

"နုနုလှလှပပ ဝတ်စားပြီး ရယ်ကာမောကာနှင့် ထွက် လည်လိုက်၊ ရုပ်ရှင်ကြည့်လိုက်၊ ပွဲလမ်းသဘင်သွားလိုက် လုပ်တာမြင်ရတော့ ကျွန်တော်စိတ်အေးသွားတယ်။ နုနု နှမြောတတ်တဲ့ သူ့ခြေထောက်ကလေးတွေ ရွံ့မပေပဲ ကားစီး နေရတာလဲ ကျေနပ်စရာပေါ့။ နုနုက ကားမောင်းတွေ

BURMESE CLASSIC .com

ဘာတွေ ပြန်ကျင့်လို့ ဟန်ကျနေတယ်။

"တစ်ညတော့ တစ်နာရီခွဲမှပြန်လာကြတယ်။ ကျွန်တော်က စိတ်နည်းနည်းပူလို့ ထိုင်စောင့်နေပြီး ကားမီးမြင်တော့ ဝမ်းသာအားရ ထွက်ကြိုတာပေါ့။ မောင်ကိုလေးကိုလဲ မပြန်နဲ့တော့ကွာ၊ ဒို့ဆီပဲအိပ်တော့၊ မင်းအိမ်ပြန်တော့ တစ်ယောက်ထဲ၊ ခုတစ်လော လမ်းကွေ့မှာဓားပြတိုက်တယ်၊ လုတယ်ကြားနေရတယ်"လို့ ပြောရတယ်။

"နုနုကတော့ အိပ်ရာထဲမှာ ကျွန်တော့်ကို ရန်ထောင်တော့တာပါပဲ။ ကျွန်တော့်စိတ်ထဲ ရှင်းလင်းပါလျက်နဲ့ သူက ရန်ထောင်တယ်။ မောင်နုမနုစ်ဝမ်းကွဲပေမယ့် အရင်းလိုပဲတဲ့၊ ငယ်ငယ်ကတည်းက အိမ်ချင်းကူးပြီးနေလာကြတာတဲ့၊ အေးပါ၊ အေးပါလို့ဆိုပေမယ့် ကျွန်တော့်ရင်ဘတ်ကို ထုတယ်။ ငိုတယ်။ ကြည့်နေရက်တယ်တဲ့ဗျာ . . .။

"သည်လိုပဲ မကြာခဏ မောင်နှမတော်တဲ့အကြောင်း ချည်းပြောနေ၊ မျက်နှာပျက်နေတော့ ကျွန်တော်ကပြောမိတယ်။ နုရယ် . . .စိတ်အေးအေးထားပါ။ မောင်နုကို ဘယ်တော့မှ မကောင်းမထင်ဘူး။ တကယ်တော့ မောင်ကိုလေးနဲ့ နုနဲ့ မောင်နှမတောင် တော်စရာမလိုပါဘူး။ မောင်ကိုလေးနဲ့ သွားလာနေရတာပျော်ရင် ပျော်သလိုနေနိုင်ပါတယ်။ သူပေးတဲ့အခွင့်အရေးကို မောင်မှမပေးနိုင်ဘဲကိုး။ ပြီးတော့ မောင်ကိုလေးနဲ့ နု ကလေးမွေးပြီးတောင် နေနိုင်ကြပါတယ်။ ဒီလိုနေမှ နုအဖို့ဖြစ်နိုင်မယ်၊ ကျေနပ်နိုင်မယ်ထင်ရင်လို့ ပြောလိုက်တယ်။

BURMESE CLASSIC .com

ဘာကြောင့်လဲဆိုတော့ မောင်ကနုကို လိုလားနေသေးတာကိုး။ နုကို စည်းလွတ်ကမ်းလွတ် လိုချင်နေသေးတာကိုးလို့ ပြောလိုက်တယ်။

“နုနုက နှုတ်ခမ်းတုန်အောင်ကိုက်ပြီး ဒီလိုလား၊ ဒါဖြင့်ရင်လဲ အဲသည်လိုကလေးမွေးနေရုံမက မောင့်ကိုပါ ထားပစ်ခဲ့ရင်ကောတဲ့။

“မောင် နုကိုလွမ်းနေဦးမှာပေါ့လို့ ပြောလိုက်တယ်။ မောင် နုကို ဆုံးရှုံးရပြီလို့ သိမှာပေါ့လို့ ပြောလိုက်တယ်။ ဒါပေမယ့် နုသွားမှ၊ မောင့်ကိုထားခဲ့မှဖြစ်မယ်ဆိုလဲ ထားခဲ့ရမှာပေါ့၊ မောင်မတားသင့်ပါဘူးလို့ ပြောပါတယ်။

“မောင်ကြည့်နေနိုင်တာပေါ့လို့ နုနုကမေးမြန်းပြန်တော့၊ ကျွန်တော်ယုံကြည်တာကို မလိမ်ညာနိုင်ပဲ ပြောရတယ်။ နုဟာ မောင်နဲ့နုတို့ရဲ့ဘဝအတွက်သာမက နုတစ်ယောက်ရဲ့ဘဝအတွက်ပါ စဉ်းစားခွင့်၊ ဆုံးဖြတ်ခွင့်ရှိပါတယ်လို့ မောင်နဲ့မပျော်တော့လို့ နုထွက်သွားမယ်ဆိုရင် မောင်ကြည့်နေရုံအပြင် ဘာမှမတတ်နိုင်ပါဘူးလို့။

“ကျွန်တော့်ကို နုနုက စိမ်းကားတဲ့သူတဲ့ဗျာ။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို ကြီးကျယ်လှတဲ့လူ မဟုတ်နိုင်ပေမယ့် အနည်းဆုံး ယဉ်ကျေးတဲ့လူသားတစ်ယောက်လို့ပဲ ထင်ပါတယ်။

“နောက်ဆုံးတော့လည်း နုနုဟာ ကျွန်တော့်ကို ကိုယ်စိတ်နှစ်ပါး ဒုက္ခပေးတဲ့လူလို့ အမည်မှည့်ပြီး ကလေးကိုခေါ်

www.burmeseclassic.com


ပြီး ထွက်သွားတော့တာပါပဲ။ ကျွန်တော်လည်း မတားလိုက်ပါဘူး”

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

ထိုခဏ၌ လက်ထပ်ပွဲသည် ပိုမိုကြီးကျယ်ခမ်းနားလာပါသည်။ အမာစိန်ကလို့ ပြီးသွားပါပြီ။ နာမည်ကျော်အကယ်ဒမီဆုရ ရုပ်ရှင်မင်းသမီးက သီချင်းဆိုနေပြန်သည်။ သူ့အသံနှင့်အဆိုမှာ ကောင်းမွန်လှသည်မဟုတ်သော်လည်း ချစ်စဖွယ်လှပသော ရုပ်ရည်အဆင်အပြင်က စိတ်ဝင်စားဖွယ်ရှိလေသည်။ သူရဲ့အမြဲတပ်ဆင်ထားသော အပြုံးအတွက်ကျွန်မကကြင်နာစိတ်ပွားရဆဲ၊ ရုပ်ရှင်ရိုက်ကင်မရာနှင့်လူသုံးယောက်သည် ပရိသတ်နှင့်တကွ လှုပ်ရှားမှုအားလုံးကိုမီးတဝင်းဝင်းနှင့် ရုပ်ရှင်ရိုက်စပြုလေ၏။

သူကတော့ သတိထားမိဟန်မရှိပဲ ရေခဲများအရည်ပျော်ကာ ပူနွေးခဲ့ပြီဖြစ်အောင် အရေကျဲလာပြီဖြစ်သောလိမ္မော်ရည်ကို နှစ်ကျိုက်မျှ သောက်ပြန်လေသည်။ သူသည်အနည်းငယ်ပင်ပန်းနွမ်းနယ်ဟန်ရှိသော်လည်း သူ့မျက်လုံးများ

www.burmeseclassic.com

ပြုံးပြက်နေသည်။ သူ့နဖူးပေါ်က ဆံပင်ခွေကို သပ်တင်လိုက်သော်လည်း ခေါင်းမာစွာပင် ပြန်လည်ဝေဖြာကျခဲ့သည်။

"အချစ်ဆိုတာ နှင်းဆီပင်လိုပဲ"ဟု သူကစကားစပြန်လေ၏။ "မြေဩဇာကျွေးဖို့လိုတယ်။ ယုယနေဖို့လိုတယ်။ ပိုးသတ်ဖို့လိုတယ်"

"သို့မဟုတ်ရင် ညှိုးရော်တတ်တယ်။ သေတတ်တယ်ပေါ့" ဟု ကျွန်မကထောက်လိုက်လျှင် "ဟုတ်တယ်" ဟု လွယ်လင့်တကူဝန်ခံလေသည်။ "အနည်းဆုံးကျွန်တော့်အဖို့ပေါ့"

"ပြောရမှာ နည်းနည်းတော့ခက်တယ်။ အချစ်စိတ်ဆိုတာ ရေငြိမ်မဟုတ်ဘူး။ ရေတက်ရေကျရှိတဲ့ ဒီမျှသာဖြစ်တယ်။ နနကိုချစ်တဲ့စိတ် ရှိဘူးတာကတော့ မပျောက်ပျက်နိုင်ဘူးပေါ့။ ဒါပေမယ့် အသစ်သစ်ဖြစ်လာတဲ့ အချစ်စိတ်က မရှိတော့ဘူး။ အတူမနေရလို့လဲ မဟုတ်ပါဘူး။ အတူနေနေကြကတည်းက မဖြစ်တော့တာကိုမှတ်မိပါတယ်။ ခုဆိုရင် နနအကြောင်းစဉ်းစားရတာ သေသွားတဲ့လူအကြောင်း စဉ်းစားရသလိုပါပဲ။ အတိတ်သာ ရှိတော့တယ်။ ပစ္စုပ္ပန်နဲ့ အနာဂတ်မရှိတော့ဘူး။ ကျွန်တော့်အဖို့ နနဟာ တောလည်သွားတုန်းက တွေ့ကြုံခဲ့ရတဲ့ စမ်းရေအိုင်လေးပါပဲ။ ခုအဲသည်ကို ပြန်မရောက်တော့ပါဘူး"

"ဒါကြောင့်လဲရှင်ဟာ အိမ်ကိုမလာနိုင်ခဲ့တာပေါ့နော်"

"ဟုတ်ပါလိမ့်မယ်"

**ရည်ဖွန်ဦးစာစပ**

“ရှင်မလိမ်တာကိုတော့ ကျေနပ်ပါတယ်။ ဒါပေမယ့် လင်ရယ် မယားရယ်လို့ဖြစ်ခဲ့ပြီး သည်အထိချစ်ကြပြီးမှ အချစ်ပျက်ပြယ်သွားရတယ်၊ ပြီးဆုံးသွားရတယ်ဆိုတာ အံ့ဩသလိုလိုပါပဲ”

“ချစ်တယ်ဆိုတာက တစ်ယောက်ကိုတစ်ယောက် နှစ်သက်တာ၊ သဘောကျတာတွေ အရင်းခံအများကြီးပါမှ ကြာရှည်မြဲနိုင်မယ် ထင်တာပဲ။ ကျွန်တော်နဲ့နုနုက တစ်ယောက်ကိုတစ်ယောက် သဘောမှမကျကြတာ။

“အတူနေကြပြီးနောက်ပိုင်းမှာလဲ ထပ်တလဲလဲ သဘောကျဖို့အချက်တွေ အသစ်ထပ်ဖြစ်၊ အသစ်ထပ်မြင်နေဖို့လိုမှာ ထင်ပါရဲ့ . . .”ဟု ကျွန်မက အသံထွက်အောင် တွေးတောလိုက်မိပါသည်။

“လူ့ဘဝဟာ ငြိမ်နေဘို့မှမဟုတ်တာ၊ ရှင်သန်ကြီးပွားနေဖို့ပဲ၊ ဒါမှမဟုတ် ဆုတ်ယုတ်ကျဆုံးသွားမှာပဲ . . .”

ကျွန်မတို့ ခဏမျှတိတ်ဆိတ်နေပြီး သူကခပ်ညည်းညည်းပြောပါသည်။

“တကယ်တော့လည်းအေးရယ် . . .၊ ကျွန်တော်ကသာ အချစ်ဆိုတာကို ယုံကြည်မြတ်နိုးနေတာကိုး။ အချစ်ဆိုတာ အင်မတန်ခမ်းနားကြီးကျယ်တဲ့ အလှတစ်ပါး၊ လူ့ဘဝရဲ့သစ္စာတရားလို့ တင်စားတာကိုး။ ဘာကိုမှမစေ့ငုဘဲ မိန်းမနဲ့ယောကျ်ားကြုံကြိုက်တာ၊ တပ်မက်တာ၊ ရင်းနှီးတာလောက်ကိုပဲ အချစ်လို့ခေါ်လိုက်ပြီး လူ့ဘဝမှာ တခြားလိုချင်တာတွေ

www.burmeseclassic.com

BURMESE CLASSIC .com

ရှာနေတဲ့လူတွေလဲ အများကြီးရှိတာပေါ့ . . .။

"ခုမင်္ဂလာဆောင်ကို ဝတ်စားပြီးလာကြတဲ့လူတွေကို ကြည့်ပါဦး၊ ဘယ်သူတစ်ယောက်ဟာ အချစ်ဆိုတာကို ကောင်းချီးပေးဖို့ လာတယ်လို့ဆိုနိုင်မှာလဲ။ မင်္ဂလာဆောင်ဟာ လူ့ဘဝရဲ့ အတုအပဟူသမျှ အကြီးအကျယ် စတင်ရာ ဖြစ်နေပြီ . . ."

ကျွန်မသည် တိုးတိတ်စွာ တစ်ခွန်းတော့ပြောလိုက်၏။

"ရှင်ဟာ ပျက်ပြယ်သွားတဲ့အချစ်ကြောင့် စိတ်အချဉ် ပေါက်နေတာများလားရှင် . . ."

"ဟုတ်မယ်မထင်ပါဘူး"ဟု သူကမြန်မြန်ဆန်ဆန်ပင် ပြန်လည်ငြင်းဆန်လေ၏။ "အချစ်ဆိုတာလဲ အနိစ္စပဲအေးရဲ့၊ အဲဒါပေါ့ ကျွန်တော် နုနဲ့ မရမ်းခြံပြောင်းကြတဲ့နေ့က ပြောမိတာ။ ကျွန်တော်တို့ဟာ အချစ်အတွက်သာ ပေါင်းသင်း ကြစတမ်းလို့ အချစ်ပျက်ပြယ်သွားတဲ့တစ်နေ့မှာ သားသမီး ဆိုတာအတွက်တောင် မငဲ့ပဲ ခွဲခွာကြစတမ်းလို့ . . ."

"နုနုကငိုပြန်မှာပေါ့ . . ."

"နုနုကငိုတယ်၊ ကျွန်တော့်မှာ ရက်စက်တဲ့နှလုံးသား ရှိတယ်တဲ့။ သားသမီးဆိုတာတောင် မငဲ့ကြေးဆိုတော့၊ ဒါပေမယ့်အေးရယ် . . .ပြောခဲ့ပြီကော . . . သားသမီးဆိုတာ အရွယ်မရောက်ခင်က ကိုယ့်တာဝန်လို့ယူဆရမှာကိုး၊ သူတို့ လဲ သူတို့ကိုယ်ပိုင်ဘဝဖန်တီးရမယ့် တသီးတခြားပုဂ္ဂိုလ် တွေပဲ၊ မိဘဆိုတာက သူတို့အတွက် နှစ်အနည်းငယ်သာ

BURMESE CLASSIC .com

လိုအပ်တာပဲ”

“ဒါပေမယ့် ရှင့်သားလေး ဝင်းထွဋ်ကိုတော့ ၃ နှစ်ခွဲသာ ရှင်အချိန်ပေးခဲ့ရတယ်။ တော်ပြီလား ...”ဟု ကျွန်မ အေးဆေးစွာပင် မေးမြန်းလိုက်ပါသည်။

“ကျွန်တော့်ဘဝရဲ့ တစ်စိတ်တစ်ဒေသ အတော်များများကြီးကို ပေးချင်ပါသေးတယ်၊ အနည်းဆုံး လူ့ဘဝမှာ ပိုက်ဆံ၊ ဂုဏ်၊ ရာထူး၊ အိမ်ယာ၊ ချောင်း၊ မြောင်းဆိုတာတွေ မရှိဘဲနဲ့ လွယ်လွယ်ပြောရရင် လူဆင်းရဲပေမယ့် စိတ်ချမ်းသာအောင် ဘယ်လိုနေရမယ်၊ ပစ္စည်းချမ်းသာသည်ဖြစ်စေ၊ မချမ်းသာသည်ဖြစ်စေ၊ လူ့ဘဝမှာ ပျော်ရွှင်စွာနေနည်း တစ်နည်းအားဖြင့် ကျွန်တော်သိထားတာရှိတယ်ဆိုတာ ကျွန်တော့်သားကို ပြောပြချင်ပါသေးတယ်။ ဒါပဲ ကျွန်တော့်မှာ ပေးစရာရှိတယ်ထင်တယ်။ ဒါပေမယ့် နုနုကတော့ ယူစေမယ်မထင်ပါဘူး”

“နုနုဟာ ဆယ့်ငါးနှစ်လုံးလုံး အိမ်ထောင်ထပ်မပြုပဲ နေတာကတော့ ဘာကြောင့်လဲလို့ စဉ်းစားနေတယ်။ သူ့မှာ ခင်မင်တဲ့ လွယ်လွယ်ပြောရရင် တွဲဖက်သွားလာနေတဲ့ ရွယ်တူယောကျ်ားတွေတော့ ရှိတာပေါ့။ ဟိုလူသည်လူနဲ့ ယူဖြစ်မလိုလိုလည်း ကျွန်မထင်တဲ့အခါ ကြားမိတဲ့အခါ ရှိတယ်။ ဒါပေမယ့် ရှင့်နောက်ဆုံးစကားကိုတော့ ကြားချင်သေးတယ် ထင်ပါရဲ့။ ရှင့်ဘက်ကတော့ အချစ်ပျက်ပြယ်သွားပြီဆိုတာပဲ ရှင်ပြောနိုင်မယ်ပေါ့ ...”

www.burmeseclassic.com

BURMESE CLASSIC .com

သူက မှန်ပြတင်းပေါက်ကြီးမှ ဝေးမောကာ အပြင်၌ အုံ့ပျသာယာအေးချမ်းနေသည်ကို ကြည့်နေပြန်ပါသည်။ ရေကူးကန်၌ ဖြူလွှဲသောတိမ်ရိပ်များ ရွေ့လျားနေသည်ကို ကြည့်နေပြန်ပါသည်။

"လင်နဲ့မယားဟာ မသေမချင်း အတူနေနေကြတဲ့ နှစ်ပေါင်းများစွာမှာ တစ်ယောက်ကိုတစ်ယောက်စွဲမြဲပြီး ချစ်နေကြမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ အနည်းဆုံး အများသောလူတွေ တွေဝေနေတဲ့သူတွေအဖို့ ဖြစ်နိုင်ပါ့မလား"

"ကျွန်မလဲတွေးမိတယ်"

"မဖြစ်နိုင်ဘူးဗျ . . .။ အနည်းဆုံး အများသောသူတွေအတွက် မဖြစ်နိုင်ဘူး။ စွဲမြဲနေကောင်းတယ်ဆိုတဲ့ လက်ခံထားတဲ့ အယူအဆကြောင့်သာ စွဲမြဲနေကြတာကိုး၊ ဒါကြောင့်ပဲ လင်နဲ့မယားအဖြစ် လူနှစ်ယောက်ထဲနဲ့သာ မလုံလောက်လို့ သားသမီးတွေမွေးလာရတယ်။ (အချစ်သက်သက်ကြောင့် မွေးလာတာလဲ ရှိရမှာပေါ့) ဒါကြောင့်လဲ ပစ္စည်းဂုဏ်သိမ်၊ ရာထူး၊ အိမ်ယာ၊ ဆွေမျိုးဆိုတာတွေ အရေးကြီးလာတာပေါ့၊ ဒါတွေက လင်နဲ့မယားစွဲမြဲနေထိုင်ဖို့အတွက် အထောက်အကူတွေဖြစ်တယ်။

"ရှင်ကတော့ အဲသည်အထောက်အကူတွေကို မလိုချင်ပါဘူး"

"မလိုချင်ပါဘူး . . .၊ အဲဒီအထောက်အကူတွေမရှိဘဲ တစ်သက်တာ စွဲမြဲချစ်နိုင်တဲ့အင်အား ကျွန်တော့်မှာ

www.burmeseclassic.com


ရှိတာကို၊ မရယ်ပါနဲ့အေးရဲ့၊ မိန်းမတစ်ယောက်ကို သုံးနှစ်ခွဲ ပေါင်းပြီး အချစ်ပျက်ပြယ်သွားတယ်လို့ ဝန်ခံတဲ့သူက ဒီစကားပြောတယ်လို့ မရယ်လိုက်ပါနဲ့၊ ကျွန်တော့်မှာ စွဲမြဲနိုင်တဲ့၊ အင်အားကြီးတဲ့အချစ်ရှိတယ်ဆိုတာတော့ ယုံပါတယ်။ အဆင်မသင့်လို့ပါ"

"လောကမှာ မဖြစ်နိုင်တာမရှိဘူးဆိုတဲ့ စကားလည်း ရှိပါတယ်"

"ဒါပေါ့ဗျာ . . .၊ အကောင်းဖြစ်ဖြစ် အဆိုးဖြစ်ဖြစ်ပေါ့၊ ပြီးတော့လည်း တကယ်ဝေခွဲကြည့်ရမယ်ဆိုရင် နုနုကို အချစ်ပျက်ပြယ်သွားပြီဆိုတာလဲ တစ်မျိုးပြောရပြန်ရင် ကျွန်တော် မကြိုက်နှစ်သက်တဲ့၊ ဥပမာ လောကီဆန်တဲ့ နုနုရဲ့ရုပ်ပုံတစ်ပုံကို ဘယ်တုန်းကမှလည်း မချစ်နိုင်ဘူး၊ ခုလဲမချစ်နိုင်ဘူးပေါ့။ နုနုရဲ့ ကြိုက်နှစ်သက်ဖွယ်ပုံတွေကိုတော့ အရင်ကလည်းချစ်လာတယ်၊ ခုလည်းချစ်မြဲပဲ၊ ဥပမာ ကျွန်တော့်ရဲ့သားကို ဒုက္ခဝေဒနာနဲ့ရင်နှီးပြီး သူမွေးပေးတယ်၊ နောက်ထပ်မွေးပေးဖို့ မငြီးငြင်တဲ့အဖြစ်၊ အဲဒီမယားကောင်း၊ မိခင်ကောင်းရဲ့ ရုပ်ပုံကို ကျွန်တော်အမြဲချစ်နေမှာပဲ။ ဘယ်လိုလုပ်ပြီး အချစ်ပြယ်နိုင်မှာလဲ၊ ပြီးတော့ အထင်မလွဲပါနဲ့။ တစ်ယောက်နဲ့တစ်ယောက်တူမှ ချစ်ခင်ပေါင်းသင်းနေနိုင်မယ် မဟုတ်ပါဘူး။ အများကြီးတူရင် ပိုပြေပြစ်တာပေါ့။ ဒါပေမယ့် မတူပေမယ့်လည်း တစ်ယောက်ကိုတစ်ယောက်နားလည်ရင်၊ ရှိသေရင်၊ အတ္တမများလွန်းရင် ငြိမ်းချမ်းစွာ အတူနေနိုင်တာပါပဲ"

“အတ္တမရှိဘဲချစ်ရမယ် ဆိုတာကတော့ မှသာဝါဒပေါ့ ရှင်”

“မှသာဝါဒပေါ့၊ အဲဒီလိုပြောတာဟာလည်း အတ္တများ လွန်းလို့သာဖြစ်ရမယ်။ အတ္တမရှိပဲ လူဟာအသက်မရှင်နိုင် ပါဘူး။ အတ္တကိုချစ်ပဲချစ်ရမယ်ဗျ။ သနားတော့မသနားနဲ့ ဆိုတဲ့ စကားတောင်ရှိတယ်။ တစ်ခုတော့ရှိတယ်။ ကိုယ့် ကိုယ်ကိုချစ်တာနဲ့ ကိုယ်နဲ့အနီးစပ်ဆုံးလူကို ချစ်တာနှစ်ခုဟာ ပြေပြစ်ဆီလျော်နေဖို့ကောင်းတယ်။ ရန်ဆင်မနေစေရဘူး”

“သိပ်လွယ်တာတော့လည်း မဟုတ်ဘူးထင်ပါရဲ့ရှင်။ အထူးသဖြင့် ရှင်ပြောသလို တွေဝေနေကြတဲ့ အများသော လူတွေအဖို့ပေါ့”

“အဖြေတစ်ခုတော့ရှာတွေ့တယ်ဗျ” ဟု သူကစိတ် ထန်သန်စွာပြောလေ၏။ သူ့ရှေ့သို့ကိုင်းလိုက်သဖြင့် ဆံပင် များ နဖူးပေါ်သို့ ပိုမိုပျံ့ဝဲကျလာပြန်လေ၏။ သူကပင့်တင်ဖို့ သတိရဟန်မတူတော့ပဲ ဖြီးသင်၍မရသော ခေါင်းမာသော ဆံပင်များ နဖူးပေါ်ဖုံးအုပ်လျက်ပင် ပြောလေ၏။

“ဟပ်စလေရဲ့ ဝတ္ထုတစ်ပုဒ်ဖတ်ဖူးတယ်ဗျ၊ သည် စာရေးဆရာကို ငယ်ငယ်ကတော့ကြိုက်သား၊ ကြီးလာတော့ လည်း ငြီးငွေ့သွားတာပါပဲ၊ ဒါပေမယ့် သူသေခါနီးရေးခဲ့တဲ့ ဝတ္ထုတစ်ပုဒ်က မဆိုးပါဘူး။ ဗုဒ္ဓဘာသာတရားတော် အကြောင်း တော်တော်ဆွေးနွေးသွားတယ်။ ဒါပေမယ့် ဘဝ တဏှာပြတ်ရမယ်ဆိုတာကိုတော့ သဘောပေါက်သွားဟန်

www.burmeseclassic.com


မတူဘူး။ သူ ဗုဒ္ဓဘာသာနားလည်ပုံက သေခါနီး လူမမာ ဘဝကူးကောင်းအောင် ပရိတ်ရွတ်ပေးတာ၊ ကြေးစည်တီးပေး တာလောက်ပဲ ရှိတယ်လို့ ကျွန်တော်ထင်တာပဲ။ သူရဲ့ "ကျွန်း" ဆိုတဲ့ စာအုပ်ထဲမှာ အိမ်ထောင်ကိစ္စကို ဖြေရှင်းဖို့ ကြိုးစားတယ်။ မိဘနဲ့သားသမီးတို့ ဆက်ဆံရေး၊ လင်နဲ့မယား ဆက်ဆံရေးတွေကို ရေးတယ်။ သူ့"ကျွန်း"မှာ စီးပွားရေး အရ ပြည့်စုံသာယာနေတယ်။ မိဘနဲ့သားသမီးကြားမှာ ပဋိပက္ခဖြစ်ရင် ဖြေရှင်းနည်းက မွေးစားမိဘ၊ မွေးစားသားသမီး ဆိုတာတွေ ထားကြတယ်။ သားသမီးတစ်စုံတစ်ယောက်က ကိုယ့်မိဘနဲ့ မဆီလျော်ရင် ပြောင်းလဲနေထိုင်ဘို့ မွေးစားမိဘ တွေ ဆယ်စုံလောက်ရှိကြတယ်ဗျ။ ဆွေမျိုးမိတ်သင်္ဂဟထဲက ဖြစ်မှာပေါ့ဗျာ။ အဲဒီနည်းအားဖြင့် မိဘနဲ့သားသမီးတွေဟာ သင့်တင့်လျောက်ပတ်စွာ နေထိုင်ကြတယ်။

"ဒါပေမယ့် လင်နဲ့မယားကိစ္စကျတော့ စာရေးဆရာ က သတ္တိမရှိတော့ဘူးထင်တယ်။ အဆင်မပြေလဲ သည်းခံ နေကြရုံပဲ၊ အလွန်ဆုံးခွဲခွာနေကြရုံပဲလို့ ဆိုချင်ဟန်တူတယ်။

"ကျွန်တော် စဉ်းစားနေတာကြာပြီ။ အကြံတစ်ခု ရတယ်ဗျ။ လက်ထပ်ထိမ်းမြားခြင်းဆိုတာ ကျွန်တော်ပြောခဲ့ ဖူးသလိုပဲ၊ အချစ်ဆိုတဲ့ပုံပြင်မှာ မိန်းမနဲ့ယောကျ်ားချစ်လို့၊ အတူနေချင်လို့၊ ရင်းနှီးချင်လို့ ပြုရတဲ့ အမှုတစ်ခုသာဖြစ်တယ်။ အချစ်ဆိုတဲ့ပုံပြင်ရဲ့ အဆုံးသတ်မဟုတ်ဘူး။ အစသာဖြစ် တယ်။ ဒါပေမယ့် ခုဖြစ်နေတာက လက်ထပ်ထိမ်းမြားခြင်း

BURMESE CLASSIC .com

ဟာ ကြောက်စရာကောင်းတဲ့ အနှောင်အဖွဲ့ဖြစ်နေတယ်၊ မှားရင်ပြင်မရလောက်အောင်၊ သို့မဟုတ် အဲသည်နီးပါးခိုင်မာတဲ့ အဆောက်အအုံဖြစ်နေတယ်။ ခရစ်ယာန်တွေအဖို့ဆိုရင် ဘာသာတရားကိစ္စပါ ဖြစ်နေတဲ့အတွက် ပိုဆိုးတာပေါ့။

"ဒါကြောင့်လည်း လက်ထပ်ထိမ်းမြားခြင်းဟာ အသွင်သစ်တွေကို အမျိုးမျိုးဆောင်လာတယ်။ မသမာသူတွေရဲ့ လက်နက်ဖြစ်လာတယ်။"

"အဲဒီလိုမဖြစ်ထိုက်ဘူးဗျာ"

"ကျွန်တော်စိတ်ကူးမိတာက ထိမ်းမြားလက်ထပ်ခြင်းဆိုတာတစ်ခုဟာ ဆိုပါတော့ဗျာ။ ၈နှစ်ပဲ၊ ၁၀နှစ်ပဲ စသည်ဖြင့် တည်မြဲစေရမယ်၊ အဲသည်နှစ်အပိုင်းအခြားစေ့ရင် အလိုလိုပြီးဆုံးသွားရမယ်။ အလိုလိုလင်မယားဘဝရပ်စဲရမယ်။ ပြီးဆုံးပြီးသည့်နောက်မှာ လင်မယားရယ်လို့ ပေါင်းသင်းလာဘူးသူနှစ်ယောက်ဟာ နှစ်ဦးသဘောတူပေါ့ဗျာ ပြောနေစရာမလိုပါဘူး။ ဆုံးဖြတ်ရမယ်။ ကျေနပ်ရင်ကျေနပ်သလို၊ မကျေနပ်ရင်မကျေနပ်သလို ထိမ်းမြားလက်ထပ်ခြင်းကို ဆက်လက်တည်တံ့စေမယ်။ ဒါမှမဟုတ် ရပ်တန်းကပဲ ရပ်တော့မယ်ပေါ့ဗျာ။ ဆုံးဖြတ်ရမယ်။ ဆက်လက်တည်တံ့စေမယ်ဆိုတာလည်း ကာလအပိုင်းအခြားတော့ ထားသင့်သေးတယ်ထင်တာပဲ။ ၈နှစ်၊ ၁၀နှစ် စသည်ဖြင့်ပေါ့။

"အဲသည်လိုဆိုရင် လင်နဲ့မယားဟာ လွတ်လပ်ခြင်းကို မနီးမဝေးမှာမြင်နေတော့ အရိုသေတန်တာတို့၊ နိုင်လို

BURMESE CLASSIC .com

မင်းထက်လုပ်တာတို့ နည်းသွားမယ်၊ သည်းခံနိုင်စွမ်းလည်း ရှိလာမယ်၊ လွတ်မြောက်ချင်လို့ မကောင်းကြံတာတွေလည်း လျော့သွားမယ်။ လင်မယားကွာရှင်းခြင်းဆိုတဲ့ ပြဿနာလဲ နည်းမယ်။ မိန်းမတွေရဲ့ အခွင့်အရေးတိုးလာတာလဲ ဖြစ်တယ် ဗျ။ သည်ဥပဒေဖြစ်ရေးကို မိန်းမနဲ့ယောကျ်ား ဘယ်သူတွေ က ပိုကန့်ကွက်မယ်ထင်သလဲ"

"ဘယ်နဲ့လဲ"

ကျွန်မက မျက်စိများကို ခဏမှိတ်ထားလိုက်ပါသည်။ ကျွန်မစဉ်းစားချင်ပါသေးသည်။ ပြီးတော့ သားသမီးများ "ဟုတ်တယ် သားသမီးတွေကို ဘယ်လိုလုပ်မလဲ၊ ရှင်ပြော သလို ၈နှစ်၊ ၁၀နှစ်ဆိုတဲ့အချိန်မှာ ကလေးဘယ်နှစ်ယောက် ရနိုင်မလဲ၊ သူတို့ဟာ မိဘနှစ်ပါးဥပဒေအရ အလိုလိုကွဲသွား တဲ့အခါ ဘယ်သူနဲ့နေမလဲ။ ဘာလုပ်ကြမလဲ၊ သူတို့ရဲ့စိတ် ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုတာကော အိမ်ထောင်ဖရိုဖရဲ ဖြစ်သွားတဲ့အခါ"

"အေးမှားနေပြီ" ဟု သူကထုံးစံအတိုင်း ညင်သာစွာ ဆိုပါသည်။

"အိမ်ထောင်ဖရိုဖရဲဖြစ်တယ်လို့ကို ဆိုလို့မရတော့ဘူး။ ဥပဒေကလုပ်ထားပြီး နေ့စဉ်ဖြစ်နေတဲ့ လူမှုရေးစနစ်က လက်ခံထားတဲ့ကိစ္စဆိုတော့ လက်ထပ်ခြင်းဟာ ဆယ်နှစ်ပဲ ခံတယ်ဆိုတာကို ကလေးတွေကလည်း မွေးကတည်းက လက်ခံလာပြီး နည်းနည်းမှဆန်းတဲ့ကိစ္စမဟုတ်တော့ဘူး။

BURMESE CLASSIC .com

သားသမီးအရေးအတွက် ကန့်သတ်တာလည်း လုပ်ရမှာပေါ့။ ၈နှစ်၊ ၁၀နှစ်ပြည့်လို့ အလိုလိုပြီးဆုံးတော့မယ့်အချိန်မှာ ကလေးထပ်မွေးရင်လည်း သူတို့လင်မယားဟာ ဆက်လက်တည်မြဲဖို့ ဆုံးဖြတ်ပြီးသားလူတွေပဲ ဖြစ်ရမှာပေါ့။

"၈နှစ်၊ ၁၀နှစ်သာကြာတဲ့ လက်ထပ်ခြင်းမှာ ကလေးတွေဟာ နှစ်ယောက်ထက်ပိုဖို့ မကောင်းဖူးပေါ့။ သည်ကလေးနှစ်ယောက်အတွက် မိဘနှစ်ပါးလုံးရော၊ အစိုးရရော တာဝန်ယူရမှာကတော့ ပြောနေစရာမလိုပါဘူး။ ခုလဲသည်လိုပဲမှတ်လား။ အရေးကြီးတာက အေးပြောတဲ့ကလေးတွေရဲ့ စိတ်ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုတာပါ။ ကျွန်တော်ပြောပြီးပြီး၊ ဥပဒေအရ အလိုလိုပြီးပြတ်ရခြင်းဖြစ်တော့ လူမှုရေးစနစ်က လက်ခံထားပြီးသားဖြစ်တော့ ဒီပြဿနာရှင်းသွားတာပါပဲ"

"ထားပါတော့၊ ဒါပေမယ့် ရှင့်ရဲ့ လက်ထပ်ထိမ်းမြားခြင်းက မလွဲမသွေကွဲကွာရဖို့ကို အရင်းခံထားတဲ့ လက်ထပ်ထိမ်းမြားခြင်း ဖြစ်မနေဘူးလား"

"ဖြစ်မနေပါဘူး" ဟု သူက မြဲမြံစွာဆိုလေ၏။ "၁၀နှစ်တစ်ခါရပ်နားပြီး စဉ်စားကြဘို့ အခွင့်အရေးပေးတာပါပဲ။ မကွဲပဲနေချင်ရတာပဲဗျာ . . .၊ တစ်သက်လုံးစွဲမြဲနေတာကို နည်းနည်းလေးမှ ကန့်ကွက်ထားတဲ့သဘောပါမှမပါတာ၊ ပြီးတော့ လင်မယားအဖြစ် နေထိုင်ခြင်းဟာ နှစ်ဦးသဘောတူကိစ္စမျှသာဖြစ်တယ်ဆို ပြတာပဲ။ လင်ရောမယားရောကို

BURMESE CLASSIC .com

ညီမျှတဲ့အခွင့်အရေးပေးလိုက်တာဖြစ်တယ်၊ လင်ကမယားကို မယားကလင်ကို လက်ထပ်ထိမ်းမြားခြင်းအပေါ်မှီပြီး ဖိနှိပ်စိုးမိုးတာကို ဖျက်ဖို့ကြိုးစားတာ ကိစ္စဖြစ်တယ်”

“လိင်ကိစ္စကို ပိုလွတ်လပ်စေတယ်လို့ကော မဆိုနိုင်ဘူးလား”

“လိင်ကိစ္စနဲ့ ဘာမှမဆိုင်ပါဘူး။ လိင်စိတ်ဆိုတာက ကြီးမားတဲ့အင်အားတစ်ရပ်ပဲ။ သူ့ကိုလက်ထပ်ခြင်း၊ ဂုဏ်သရေ၊ ဥပဒေဆိုတာတွေက ပိတ်ပင်တားဆီးလို့ ရတာမှုတ်ဘူး။ လိင်ကိစ္စလွတ်လပ်ချင်တဲ့သူဟာ သူ့ဖာသာနည်းလမ်းရှာလာတာပဲ၊ လက်ထပ်ထိမ်းမြားခြင်း ဥပဒေတစ်ခုပြောင်းလိုက်ရုံနဲ့ လူအမျိုးမျိုးရဲ့ လိင်ကိစ္စအမျိုးမျိုးဟာ ပြောင်းလဲမသွားပါဘူး။ တစ်ခုပဲပြောနိုင်တယ်။ အလိုရှိသလိုပေါ့လေ၊ ဥပဒေဘောင်အတွင်းကနေပြီး လင်သစ်မယားသစ်ပြောင်းလဲယူဖို့အခွင့်အရေးရတဲ့နည်းလမ်းပေါ့။ ဒါလဲ ကောင်းတဲ့အခွင့်အရေးလို့ ထင်ပါတယ်။ ပြီးတော့ လူတွေကို အနည်းဆုံး ရိုးဖြောင့်စေတဲ့နည်းလမ်းလို့လဲ ခေါ်နိုင်တာပေါ့။ အကြောင်းကြောင်းတွေကြောင့်၊ ဥပဒေကြောင့်၊ လူမှုရေးစနစ်ကြောင့်၊ အောင့်အည်းသည်းခံပြီး မကြည်ဖြူနိုင်တော့တဲ့ လင်ကို ဒါမှမဟုတ် မယားကို စိတ်၏သစ္စာမရှိတော့ဘဲ ကိုယ်၏သစ္စာသာ မရှိချင်ဘဲရှိနေတာထက်တော့ မကောင်းဘူးလား”

“ရှင့်ဥပဒေသစ်ဖြစ်လာဖို့ရာ ရိုးဖြောင့်ဖို့၊ သတ္တိရှိဖို့၊

BURMESE CLASSIC .com

နားလည်ဖို့တော့ အတော်လိုတဲ့ကိစ္စပဲ”ဟုသာ ကျွန်မပြော လိုက်ပါသည်။

“အေးရယ် . . .၊ ကွဲချင်တဲ့လင်မယားကျတော့လဲ တားလို့မရတော့ပါဘူး။ ဖွတ်ကိုကွဲတာပဲမှတ်လား။ အနောက် နိုင်ငံမှာဆိုရင် ဖောက်ပြားမှုကွဲလို့ရမယ်ဆိုလို့ လူငှားပြီး ဖောက်ပြားချင်ယောင်ဆောင်ရတယ်။ လက်ပူးလက်ကြပ် အမိခံရသလို တမင်လုပ်ယူရတယ်။ ရီနိုမြို့ကိုသွားပြီး ကွဲ ယူရတယ်။ ကျွန်တော်တို့ဆီလဲ ဘာသာပြောင်းပစ်လိုက်ပြီး ကွဲယူရတဲ့ လင်မယားတွေ ခဏခဏတွေ့ဖူးသားပဲ။ မွတ်ဆ လင်ကနေ၊ ကတ်သလစ်ကနေ၊ ဗုဒ္ဓဘာသာပြောင်းပစ်ပြီး ကွဲယူရတဲ့ သူငယ်ချင်းမတွေခုဖြင့် ချမ်းသာကျန်းမာကြလို့ တွေ့ရတယ်။”

“ကလေးတွေကိစ္စထပ်ပြောဦးမယ်။ ကွာရှင်းတယ်ဆို တဲ့ ကိစ္စဟာ စက်ဆုပ်ဖွယ်လို့ထင်နေတဲ့ခေတ်မှာ မလွှဲသာလို့ ကွဲကွာရတဲ့မိဘရဲ့ကလေးတွေဟာ စိတ်ဓာတ်အများကြီးပျက် စီးနိုင်တယ်။ မကွဲကွာဝံ့လို့ ဟန်ဆောင်နေတဲ့၊ ရန်ဖြစ်နေတဲ့၊ ဖောက်ပြားနေတဲ့၊ ဖိနှိပ်နေတဲ့၊ ငုံ့ခံနေတဲ့အိမ်ထောင်များမှာ လည်း ကလေးတွေဟာ ပိုပြီးပျက်စီးနိုင်သေးတယ်။ မသင့် တင့်တော့ဘဲ မချစ်တော့ဘဲ အတူဆက်နေကြတဲ့မိဘတွေကို ဘယ်သားသမီးက ကြည်ညိုနိုင်မှာလဲ။ လူလိမ်လူညာတွေကို ကြည်ညိုတယ်ဆိုရင်လည်း သည်ကလေးတွေဟာ လူလိမ် လူညာတွေအဖြစ် ရောက်ခဲ့ပြီ။ ဝမ်းနည်းစရာကောင်းအောင်

www.burmeseclassic.com


ရောက်ခဲ့ပြီ။

"ကျွန်တော်ဖြစ်စေချင်တဲ့ အဲသည်ဥပဒေသစ်ဟာ အိမ်ထောင်ရေးရဲ့ အဆုံးစွန်သစ္စာတရားလို့တော့ ဆိုလိုတယ် မထင်လိုက်ပါနဲ့အေးရဲ့၊ လက်ရှိအိမ်ထောင်ရေး ဥပဒေထက် ပိုပြီးကောင်းမွန်နိုင်တဲ့ နည်းသစ်ကလေးသာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာထုံးစံအရလည်း ယောကျ်ားတွေကို တရားဝင် မိန်းမအများယူနိုင်ဖို့၊ လော်လီဖောက်ပြန်ဖို့ အားပေး အားမြှောက်ပြုထားတာရှိတယ်။ ဟိုတလောက ဖတ်လိုက် ရတာကတော့ မယားကြီးကမကျေနပ်ရင် မယားပြိုင်များဟာ အမွေခွဲရာမှာ အခွင့်အရေး ကောင်းကောင်းမရနိုင်တော့ဘူး တဲ့။ ယောကျ်ားများအဖို့ ဘာမှလဲနစ်နာမသွားပါဘူး။ ခုနောက်ဆုံးဥပဒေအရ မိန်းမကအခွင့်မပေးဘဲ ယောကျ်ား တစ်ယောက်သဘောနဲ့ ကွာရှင်းခွင့်မရနိုင်ဘူးလို့ကြားတယ်။ အေးကြားပြီးပြီလား"

"တကယ်တော့လည်းအေးရယ် ・・・၊ လူသာလျှင် ပဓာနဆိုတာ အမှန်ပဲ၊ ဥပဒေဆိုတာ မယဉ်ကျေးသေးသူ တွေအတွက် ထိန်းချုပ်ဖို့လိုတယ်ဆိုပြီး လုပ်ယူထားရတဲ့ စည်းမျဉ်းပဲ၊ တကယ်ပဲ ယဉ်ကျေးလာပြီ၊ အထက်တန်း ကျလာပြီ ဆိုတဲ့အခါကျတော့လည်း မတရားမှုတွေ နည်း သွားပြီး ဥပဒေဆိုတာတောင် တယ်မလိုတော့ဘဲ ဖြစ်နေ နိုင်တာပေါ့"

"ကျွန်တော့်စိတ်ကူးကလေးကတော့ လင်ရဲ့မယားရဲ့

BURMESE CLASSIC .com

အခွင့်အရေးကောင်း ဘယ်တစ်ခုကိုမှ မပိတ်ပင်ပါဘူး။ အခွင့်အရေးသစ် ထပ်ပေးရုံပဲဖြစ်တယ်ထင်ပါတယ်”

♦ ♦ ♦

www.burmeseclassic.com

ထုံးစံအတိုင်းပင် တီးဝိုင်းမှ အခါပေးလိုက်ပါသည်။

"အခါတော် • • •ပေးတာက

နတ်ရေးငယ်ရွှေစာ၊

သာသနာရောင်လင်း • • •

ကောင်းခြင်း ခုသည့်ချိန်ခါ • • •၊

အခါတော် • • • ပေးတာက • • • "

ပရိသတ်သည် ရုပ်ချည်းပင် တိတ်ဆိတ်ငြိမ်သက်သွားပြီး ခေါင်းအားလုံးသည် ခန်းမကြီးတံခါးဝသို့ လည်ပြန်ကာ ကြည့်နေကြပါတော့သည်။ ကျွန်မကောင်းစွာ သတိမထားမိလိုက်ပါ။ ထွက်စည်ပင်ယွန်းသည်ထင်ပါသည်။ ရုပ်ရှင်ကင်မရာများ မီးတဝင်းဝင်းနှင့်စတင်ရိုက်ဆဲ၊ ငယ်ရွယ်လှပသော သတို့သမီးသည် ပန်းနုရောင်ထမီ၊ ထိုင်မသိမ်းပုဝါအဖိုးတန်တို့နှင့် စိန်တဖျတ်ဖျတ်လက်လျက် ပေါ်လာပါသည်။ သတို့သမီးမှာ ဂဝတန်းပင်မအောင်သေးသော ကျောင်းသူမျှသာဖြစ်သည်။ ကျွန်မ၏မျက်စိရှေ့တွင်ပင် ကြီးပြင်းသွား

BURMESE CLASSIC .com

သော ကလေးမဖြစ်သည်။ အသက် ၁၇နှစ်ပင်မပြည့်သေးပါ။ မျက်နှာကို အရောင်များစွာ ဘယ်လိုခြယ်လှယ်ထားသော် လဲ နုနယ်ငယ်ရွယ်လှသေးသည်ကို မဖုံးအုပ်နိုင်ချေ။

ပန်းရောင်ပုလဲများ ဝတ်ဆံတပ်သည့်ပုဝါသည် ဘီးဆံထုံးနောက်မှ တွန့်ရာမှဖြာ၍ ရှည်လျားစွာကျသည်ကို အပျိုရံလေးယောက်က ဖေးမကိုင်၍လိုက်လာကြပါသည်။ သူတို့လဲ သတို့သမီးလို လှနေကြသည်။ ငယ်ရွယ်ကြသည်။ ရှက်နေကြသည်။ သူတို့နောက်မှာ သတို့သမီးအဖေ၊ အမေသည် ယှဉ်တွဲ၍ လိုက်ပါလာသည်။ မာနတက်နေသော မျက်နှာကိုယ်စီနှင့်ပင်။

သူက ကိုယ်ကိုကိုင်းကာ ခပ်တိုးတိုး လေသံဖြင့် "ခင်ခင်ဝိုင်း" သမီးလေးက ခင်ခင်ဝိုင်း ငယ်ငယ်ကလိုပဲ၊ ပိန်ပိန်ရှည်ရှည်ကလေး၊ ကြီးလာရင်တော့ ခုသူ့အမေလိုပဲ ဝဝတုတ်တုတ်ဖြစ်သွားမှာထင်ပါရဲ့၊ ဒါထက်သတို့သမီးလေး က တော်တော်ငယ်တယ်ထင်တယ်"

ကျွန်မက ၁၇ နှစ်လောက်ရှိမှာပေါ့ …၊ သိပ်ငယ်သေးတယ်၊ ပညာသင်ဖို့ အများကြီးလိုသေးတယ်။ လက်ထပ် ဖို့ အသင့်ဖြစ်အုံးမယ့် အရွယ်မှတ်ဘူးထင်ပါရဲ့"

"အသင့်ဖြစ်စရာမလိုပါဘူး။ အချစ်က သင်ကြားသွားမှာပေါ့။ ပြီးတော့ ငယ်တော့ပိုပြီးတတ်လွယ်လိမ့်မယ်။ အရိုးမရင့်သေးဘူး"

"ခင်ခင်ဝိုင်းကြည့်ရတာတော့ ငယ်ငယ်က ကျောင်းနေ

www.burmeseclassic.com


ဖက်လို့ သတိမရစေတော့ဘူး” ဟု သူကပြောပြန်သည်။

စားပွဲများ ကျပ်နေသဖြင့် လူအချင်းချင်းကပ်နေလေရာ သူပြောသည်ကို ကြားသွားသော ဘေးကမိန်းမဝဝက ကျယ်လောင်သောလေသံဖြင့် သူ့ကိုလိုလို ကျွန်မကိုလိုလို ပြောပါသည်။ (စစ်စစ်ထိုမိန်းမကို ပွဲလမ်းတကာ၌တွေ့ဘူးပြီး မကြာခဏ မိတ်ဆက်ပေးခြင်းခံရသော်လည်း နာမည် မမှတ်မိပါ။ အတွင်းဝန်ကတော်တစ်ယောက်ဟုထင်မိပါသည်။ စကားများသောအတင်းပြောတတ်သော မိန်းမဟု မှတ်မိပါသည်။)

“မဝိုင်းတို့က သူဌေးဖြစ်နေတာကြာပြီ။ သိန်းတစ်ရာတော့ အနည်းလေးချမ်းသာမယ်။ သမီးမင်္ဂလာဆောင်မှာကို နှစ်သိန်းခွဲဖြုန်းပစ်တာ၊ အေးလေ ...၊ နေမြောနေလဲအပိုပေါ့။ သူ့လင်က မယားတွေယူထားတာ ပွနေတာပဲ။ သူတောင် ဟိုတစ်လောက ဗေဒင်ယတြာလုပ်ရင်း ဗေဒင်ဆရာနောက်ပါတော့မလို့ သူ့လင်က ဗေဒင်ဆရာကို ငွေနှစ်သောင်းပေးပြီး မိုးကုတ်ဖက် လွှတ်လိုက်ရဆိုလား။ အေးလေ ...၊ လိုတရနေတော့လဲ ဖိမ်ခံကိစ္စပဲ မဲရတော့တာပေါ့ ...၊ ဟဲဟဲ”

အားနာတတ်ဟန်ရှိသော ဘေးမှမျက်နှာချင်းတူသဖြင့် ညီမဖြစ်နိုင်သော သိပ်မဝလှသော မိန်းမက ဝင်ပြောပြန်၏။

“သမီးလေးကတော့ ချစ်စရာလေး။ ရိုးရိုးအေးအေးပဲတဲ့။ သူကြိုက်တဲ့ကောင်လေးက ပညာတော်တာတစ်ခုပဲ၊ ဘာမှ

BURMESE CLASSIC .com

မရှိဘူးတဲ့။ အလုပ်သင်ဆရာဝန်ကလေးပဲ”

“အဲသည်ကောင်လေးနဲ့ ဇာတာချင်းမတဲ့ဘူးဆို”

“မသိပါဘူး မမရယ်၊ ပြောကြတာပဲ”

“ဘယ်နဲ့ပြောကြတာရမလဲ၊ ဇာတာချင်းကို မတည့်လို့ ဗေဒင်ဆရာတွေ ပင့်ပင့်ပြီး ယတြာချေလိုက်ရတာ ၃–၄ လလောက်ကြာပါပကော . . .၊ မင်္ဂလာမဆောင်ခင် ၉ ညတိတိ ရွှေတိဂုံဘုရားပေါ်မှာ လျောင်းတော်မူတစ်ဆူရှေ့မှာ သွားပြီး ကန်တော့အိပ်ရသတဲ့။ ဒို့များတော့ လင်တစ်ယောက် သည်လောက် အောက်ကျခံမယူပေါင်”

“ဗေဒင်ဆရာတွေ ဟောတယ်တဲ့ . . .၊ မင်္ဂလာဆောင်မှာ တကယ့်ကောင်းမြတ်တဲ့ အချိန်အခါ ရောက်ရောက်ချင်း စက္ကန့် မလွဲဘိသိတ်သွန်းရမယ်တဲ့၊ အနှောင့်အယှက် အကြီးအကျယ်ပေါ်တတ်တယ်တဲ့။ ပေါ်ရင် ကွဲရင်ကွဲ၊ မကွဲရင် သတို့သမီးသေမယ်တဲ့”

“ဒါကြောင့်ထင်ပါရဲ့။ ခုနသတို့သမီးနားဖို့ အခန်းထဲ ဝင်ကြည့်တော့၊ ကန်တော့ပွဲတွေကော၊ ဖယောင်းတိုင်တွေကော၊ လှိုင်နေတာပဲ၊ ဖယောင်းတိုင်တွေကလဲ စပါယ်ရှယ်တော့၊ ရွှေတွေချထားတာ ဝင်းနေတာပဲ”

“မင်္ဂလာဆောင်ပြီးရင် အင်္ဂလန်သွားပြီးကျောင်းဆက်နေကြမယ်ပြောတာပဲ။ ကောင်မလေးက ဆယ်တန်းတောင် မအောင်သေးဘူး။ ကလေးအမေကျောင်းသူ ဖြစ်အုံးမှာပေါ့ လေ၊ စိတ်ညစ်စရာ၊ ကောင်လေးကတော့ ကလေးခွဲစိတ်

BURMESE CLASSIC .com

ကုသမှု ပါရဂူဘွဲ့ဆိုလား ယူမလို့တဲ့ . . .”

“ပိုက်ဆံ အရေးကြီးတာပါပဲ။ လင်မယားနတ်ဖက်တယ်ဆိုတာအလကားစကား၊ လင်မယားပိုက်ဆံဖက်တာ ပိုက်ဆံ”

သူရောကျွန်မပါ ပြုံးသာနေလိုက်ကြပါသည်။ မိန်းမနှစ်ယောက်သည် တစ်ဖက်လှည့်သွားပြီး ကျယ်လောင်သောလေသံနှင့် ဆက်လက်၍ ထိုမင်္ဂလာဆောင်၏ စရိတ်စကများကို အသေးစိတ်တွက်ချက်ကြပြန်လေ၏။

သူကပြုံးမြဲပင်။ နဖူးပေါ်မှ ပင့်တင်မရသော ဆံခွေကြောင့် သိမ်မွေ့ပါလျက် ရဲတင်းပုံရနေသည်။ သိမ်မွေ့သော်လည်း ရဲတင်းသည်မှာ အမှန်ဖြစ်လေသလား။ သူကပြုံးမြဲပင် ပို၍တိုးတိတ်စွာ “လင်နဲ့မယား အချစ်ပဲဖက်ရမှာမှတ်လား အေးရယ်၊ စိတ်ကူးလွဲလိုက်တာ” ဟုပြော၍ ရယ်မောလိုက်သေးသည်။

စောစောက မိန်းမဝဝသည် ဘာအကြားမှားသည် မသိ၊ သူ့ကိုပြုံးရယ်ကာ “ဟုတ်ပါရဲ့ရှင် . . . စိတ်ကူးလွဲလိုက်တာ ဘိသိတ်သွန်းမဲ့အချိန်က တိတိကျကျ (၅၃) မိနစ်ခွဲ လိုသေးတယ်ဆိုတော့ ဘာလုပ်ဖို့သည်လောက်စောစောကြီး သတို့သမီး၊ သတို့သားကို ပွဲထုတ်နေမှာလဲ၊ သည်လောက် အကြာကြီး ဩဘာစာရွတ်နိုင်တယ်ထားအုံး။ ကလေးတွေ ညောင်းကုန်မှာပေါ့”

“ဩဘာစာရွက်ပြီးတော့ ရတုပိုဒ်စုံ ဝင်ဆိုအုံးမှာ

BURMESE CLASSIC .com

မမရဲ့”

“ဘယ်သူဆိုမှာလဲ၊ တင်တင်မြလား”

“ညည်းမလဲထင်ပါရဲ့ချည်းပဲ၊ ဘာမှမရေရာဘူး”

“ရတုပိုဒ်စုံ စောမြအေးကြည် ဆိုပြတာ တစ်ခါကြားဖူးပါတယ်။ ပျင်းစရာကောင်းလိုက်တာ မပြောပါနဲ့။ သမီး(၅)တန်းတုန်းက အဆိုပြိုင်ပွဲဝင်ရတုန်းကပေါ့။ အဖွားကြီးဆီ နေ့စဉ်သွားသင်ရတာ ဆုတော့ရလာတယ်။”

သူနှင့်ကျွန်မတို့ တိတ်ဆိတ်နေကြသည်တွင် ထိုညီအမလည်း တိတ်ဆိတ်သွားပြန်ပါသည်။ သတို့သားဖြစ်သွားသည်ကို ကျွန်မသေသေချာချာ မကြည့်လိုက်မိပါ။ စင်မြင့်ပေါ်နေရာယူကြမှ မြင်ရသော်လည်း ခပ်ညိုညိုပါးပါး လျှလျှဟုသာ သိရပါသည်။ သတို့သားမှာ (၂၄)နှစ်ခန့်ရှိပြီး အိန္ဒြေရရ မျက်နှာထားမှန်မှန်ပင်ဖြစ်သည်။ သူ့မိဘနှစ်ပါးမှာ ခင်ခင်ဝိုင်းတို့လင်မယားလောက် မျက်နှာရဲဝံ့ခြင်းမရှိပဲ၊ မာနတက်ခြင်းမရှိပဲ၊ စင့်မြင့်ပေါ်၌ မြန်မြန်ထိုင်ကြပါတယ်။ သူတို့၌ စိန်အနည်းငယ်သာပြိုးပြက်လေ၏။

“ကောင်လေးဘက်က နည်းနည်းနွမ်းတာပေါ့။ သူ့အဖေက အရာရှိတောင်မှုတ်ဖူးတဲ့။ စာရေးက တဖြည်းဖြည်းတက်လာတာမျိုးနဲ့တူပါတယ်။ (ဆင်းရဲနွမ်းပါးမှလဲ ပညာကြိုးစားရမှန်းသိတာ . . .) ရုံးဝန်ထောက်ဆိုလား၊ မဂ်လာဆောင် ဖိတ်စာရိုက်ခါနီးမှ မဖြစ်ချေဘူးဆိုပြီး မဝိုင်းတို့ချယ်လှယ်လိုက် တာပေါ့။ မန်နေဂျာဖြစ်သွားတယ်။

www.burmeseclassic.com


ဖိတ်စာထဲလှလှပပ ပါသွားတာပေါ့ …”

မီးတဝင်းဝင်းနှင့် ရုပ်ရှင်ရိုက်နေသော ကင်မရာတစ်လုံးသည် ပရိသတ်ဖက်သို့ လှည့်လာရာ၊ စကားပြောနေသော မိန်းမနှစ်ယောက် အမ်းနေကြပြီးမှမျက်လွှာချကာ ပြုံးလျက်နေလိုက်ကြသည်။

သူက မှန်တံခါးအပြင်ဘက်သို့ စုံမက်စွာ ငေးမောနေပြန်သည်။ အပြင်၌ သာယာအေးချမ်းမြပင်။ ရေကူးကန်၏ ရေပြင်သည် ခပ်ငြိမ့်ငြိမ့်ပင် ဂယက်ထနေသည်။ လှိုင်းနုနုများ အိနေသည်။ မြသားပမာစိမ်းလဲ့နေသည်။ ကျွန်မလည်း လေးလံကျွတ်ဆတ်သော အဝတ်များကို ချွတ်ပုံခဲ့ကာ ရေပေါ်၌ ပက်လက်ဖော့၍ နားနေလိုစိတ် ပေါက်လာပါသည်။

“အပြင်သွားရအောင်ပါအေးရယ်၊ စကားပြောရတာ ပိုလွတ်လပ်မယ် …” သူကခပ်တိုးတိုး ခေါ်ပြန်ပါသည်။

“လူတွေသိပ်ကျပ်နေပြီ။ ဘယ်ထွက်လို့ရတော့မလဲ။ ပြီးတော့ သတို့သမီး သတို့သားပွဲထုတ်ပြီးမှ ထွက်ရင် ပိုအားနာစရာကောင်းမှာပေါ့ …” ဟု ကျွန်မကဖြေ၏။

“ဒီတံခါးက ဖွင့်လို့မရဘူးလား မသိဘူး” ဟု သူက အသာကလေး လှမ်း၍တွန်းကြည့်လေ၏။ “ဖွင့်လို့ရတဲ့ တံခါးမျိုးမှတ်ဖူးထင်ပါရဲ့။ အဲ့ဩဖို့ကောင်းလိုက်တာ။ မှန်ခွဲပြီးသာ ထွက်သွားချင်တာပဲ။ ကျွန်တော်လာတုန်းက တီးဝိုင်းခဏနားထောင်၊ ဦးဘသန်းနဲ့စကားပြောစရာရှိတာ

BURMESE CLASSIC .com

ခဏသွားပြောပြီး မြန်မြန်ပြန်မယ်စိတ်ကူးပြီးလာတာ အေးနဲ့တွေ့လို့ ပြောစရာတွေရှိလို့ပြောလို့တော့ မပြီးသေးပါဘူး။ သည်မှာမပြောချင်တာတစ်ခုပါပဲ။ ဘယ်တတ်နိုင်မလဲ။ သည်မှာပဲ ပြောရမှာပဲ။ ကျွန်တော်သားကလေး တော်တော်ကြီးရောပေါ့ …”

(၁၆)နှစ်ကျော်ပြီပေါ့။ ခပ်ညှက်ညှက်ပဲ။ စာတော်တယ် လိမ္မာတယ်”

“ဒါပဲလား၊ စာတော်တာကောင်းပါတယ်။ ကျောင်းစာအပြင် စာဖတ်ကော …ဝါသနာပါရဲ့လား။ နုနုကတော့ တွေ့ကြချစ်ကြလွမ်းကြတဲ့ ဝတ္ထုလောက်ဖတ်တာ”

“ကျွန်မရဲ့ အိမ်မှာနေကြတာပဲ။ ကျွန်မရဲ့ စာအုပ်တွေလဲရှင့်စာအုပ်တွေလိုပါပဲ။ ဘာသာရပ်စုံပါတယ်။ နိုင်ငံရေးတော့ ကျွန်မဝါသနာမပါလှပါဘူး။ စမ်းသပ်ရုံပါပဲ …”

“ကျေးဇူးပါပဲ”ဟု သူကသက်ပြင်းချလေ၏။ “သည်လိုဆိုရင် ကျွန်တော့်သားဟာ နုနုရဲ့ကစားစရာအရုပ်မျှလို့ မထင်နိုင်တော့ဘူးပေါ့။ သူရိုးဖြောင့်ရဲ့လား။ သတ္တိရှိရဲ့လား။ ရဲရဲဝံ့ဝံ့တွေးခေါ်တတ်သလား။ နိုင်ထက်စီးနင်းစိတ်ထားကင်းရဲ့လား။ အနုပညာဝါသနာရှိသလား …”

ကျွန်မသည် မျက်ရည်အနည်းငယ်ဝေ့လာပါသည်။ သူ့မျက်လုံးများ၌ ဝေ့လာသောမျက်ရည်များကိုလည်း မြင်ရပါသည်။ ကျွန်မတို့ စကားမပြောပဲ ခဏနေကြပြီး “ရှင်ဘာဖြစ်လို့ လာမကြည့်နိုင်တာလဲ …”ဟု မေးမိ

BURMESE CLASSIC .com

ပြန်ပါသည်။

"ကျွန်တော် သူတို့သားအမိကို ခဏခဏ တွေ့ပါတယ်" ဟု သူကဖြည်းလေးစွာဝန်ခံလေ၏။ "မိုလ်ချုပ်ဈေးမှာ၊ နုနုအလုပ်လုပ်တဲ့ကျောင်းမှာ၊ သားတက်တဲ့ ကျောင်းမှာ၊ ရုပ်ရှင်ရုံမှာ ..."

"ဆုံပြီး စကားတော့မပြောဘူးပေါ့။ နုနု ရှင့်ကို တွေ့တယ်လို့ တစ်ခါမှပြန်မပြောဘူး"

"ကျွန်တော် အဝေးကပဲ လိုက်ကြည့်တာပဲ။ နုနုနဲ့ ကျွန်တော့်မှာ ပြောစရာစကားလည်းမရှိဘူးထင်ပါတယ်။ အထူးသဖြင့် ကျွန်တော်မှာ ပြောစရာမရှိဘူးထင်ပါတယ်။ ပြောခဲ့ပြီးကော၊ တောလည်သွားရင်း တွေ့ခဲ့တဲ့ စမ်းရေအိုင်ကို ပြန်မရောက်တော့ပါဘူးလို့၊ စမ်းရေအိုင်ရောက်မှ နီးစပ်ရမယ်ဆိုတဲ့ ကြာပွင့်ကိုလဲ စမ်းရေအိုင်ရောက်မှ နီးစပ်ရမယ်ဆိုလဲ နေပါစေတော့။ ကံကောင်းရင် ကျွန်တော့် ညွှန်းကပန်းစိုက်အိုးထဲ ရောက်လာလိမ့်မယ်လို့တော့ မျှော်လင့်ပါတယ်။ အေးလေ၊ လူတစ်ကိုယ် ထင်တစ်လုံးပေါ့ဗျာ။ အကျိုးပြုမယ်ထင်တာပဲ။ ခုကျွန်တော့်ကို မကောင်းထင်လေ့ ရှိသလား"

"ဒါကတော့ရှင် ... ၊ ရှင်လည်းဝန်ခံသားပဲ။ နုနုက တကယ့်ကို သာမန်မိန်းကလေးမျှသာဖြစ်တယ်ဆိုတာ။ မင့်အဖေဟာ စိမ်းကားရက်စက်တဲ့လူလို့ ပြောတဲ့အခါ ပြောမှာပဲ။ သေပြီလို့သဘောထားလိုက်လို့လည်း ပြောတဲ့အ

BURMESE CLASSIC .com

ခါပြောမှာပဲ။ နောက်ဆုံးတော့လည်း သူဟာ အများနဲ့မတူတဲ့ လူသာ ဖြစ်ပါတယ်။ မေ့မေ့မှာလဲ တာဝန်ရှိပါတယ်ဆို တာမျိုးလဲ ပြောတဲ့အခါပြောမှာပေါ့ …”

“ကျွန်တော်သားက ကျွန်တော့်ကို မကောင်းထင် သလား” ဟု သူက ထပ်မေးလေ၏။

“ထင်မယ်မဟုတ်ပါဘူး၊ ကလေးတွေဟာ လူကြီးတွေ ပြောသမျှကို အကုန်မှန်တယ်ထင်လို့လက်ခံတယ်လို့ ရှင်ထင်သလား။ အများအားဖြင့် ကလေးတွေဟာ လူကြီး တွေထက်တောင် ပိုပြီးသိမြင်တတ်သေးတယ်။ ကလေးတွေ ရဲ့အသိဉာဏ်ဟာ အရည်အချင်းမှာ လူကြီးထက်မလျော့ဘူး။ အရေအတွက်မှာသာ လျော့မယ်။ ကျွန်မပြောချင်တာက သူတို့ အကြောင်းအရာတစ်ခုကိုသိမြင်ရင် အချိန်နည်းသေးလို့ အတွေ့အကြုံနဲသေးလို့ သူတို့သိမြင်တဲ့ အကြောင်းအရာဟာ အရေအတွက်မှာသာ နဲရတယ်လို့ ကျွန်မထင်တယ်”

“ကျွန်တော်လဲ အဲသည်အတိုင်းယုံတာပဲ”ဟု သူက မြန်မြန်ပင်ထောက်ခံလေ၏။ “ဒါကြောင့် ကလေးဆိုတာလဲ ရှိသေအပ်၊ လေးစားအပ်တဲ့ လူပုဂ္ဂိုလ်ပဲဖြစ်တယ်။ သူ့ကိုပိုပြီး မညာရဘူး။ မလှည့်ဖြားရဘူး။ လူကြီးက သူ့ထက်သာတာ တစ်ခုပဲရှိပါတယ်။ ခွန်အားပါပဲ။ ခန္ဓာအရွယ်ချင်း မယှဉ်သာ တာပါပဲ။ ဒါကိုကလေးကလည်း သိတာပါပဲ”

“ရှင့်သားက ရှင့်ကို မကောင်းမထင်ပါဘူး။ အခုအရွယ် ရောက်စပြုလာတော့ ရှင့်ကို နားလည်စပြုလာပြီးလို့တောင်

BURMESE CLASSIC .com

ထင်နိုင်ပါတယ်”ဟု ကျွန်မက ခုမှ အဖြေပေးလိုက်လေ၏။

“တော်ပါပြီ၊ ကျွန်တော့်ကိုကောင်းတယ် ဆိုးတယ်လို့ ထင်စရာမလိုပါဘူး။ ပြီးတော့ ဘယ်သူမှလဲ အကောင်း သက်သက် အဆိုးသက်သက် ရှိနိုင်တာမှ မဟုတ်တာ၊ လူတစ်ယောက်ဟာ အင်အားရှိတယ်၊ နည်းတယ်ဆိုတာ ပေါ်တည်ပြီး လူကောင်းလူဆိုးလို့ အကြမ်းအားဖြင့် ခွဲပြောကြ တာဘဲ မှတ်လား။ အင်အားဆိုတာကလဲ အခါကာ အလျှောက် ပြောင်းချင်ပြောင်းတတ်တာဘဲ၊ ဥပမာ ကျွန် တော်ဟာ သေရမှာကို နည်းနည်းမှ မကြောက်ပါဘူး။ နာကျင်တဲ့ဝေဒနာကိုတော့ သိပ်ကြောက်တာပဲ၊ သည်တော့ ကျွန်တော့်ကိုပစ်သတ်မယ်လို့ ခြိမ်းချောက်တဲ့ အခါမျိုး၊ စစ်ထွက်တိုက်ရတဲ့ အခါမျိုးမှာ ကျွန်တော်ဟာ သတ္တိရှိနေ အင်အားကြီးနေနိုင်ပေမယ့်လည်း၊ ကျွန်တော့် ခန္ဓာကိုယ်ကို တရိရိ ညှင်းပန်းနှိပ်စက်တဲ့အခါမျိုးကျတော့ ကျွန်တော်ဟာ ညံ့ဖျင်းလိမ့်မယ်။

ကျွန်တော့်သားက ကျွန်တော့်ကို ကောင်းသလား၊ ဆိုးသလား၊ အင်အားရှိသလား၊ ညံ့ဖျင်းသလား၊ ဘယ်လို ထင်ထင် အရေးမကြီးပါဘူး။ သူများထင်တာထက် ကိုယ့် ဖာသာပိုသိတာပေါ့။ သူ ကျွန်တော့်ကို နားလည်ရင် တော်ပါပြီ။ နားလည်ရင် ကျွန်တော့်အဖို့လဲ ကောင်းတယ်၊ သူ့အဖို့လဲ ပိုကောင်းပါတယ်၊ သူဟာ စိတ်ချမ်းသာ နိုင်တာပေါ့။ ကျွန်တော့်ကို နားလည်ရင် သူ့အမေကိုလဲ

BURMESE CLASSIC .com

နားလည်တော့မှာပဲ၊ လူအားလုံးကို နားလည်တော့မှပဲ၊ ဝမ်းသာစရာပါပဲ"

စောစောက ကျွန်မတို့ကို စကားလှမ်းပြောလေ့ရှိသည့် မိန်းမဝဝသည် ကျွန်မတို့ဘက်လှည့်လာပြန်လေ၏။ မိန်းမသည် အနည်းငယ်နွမ်းနယ်ခဲ့ပြီဖြစ်၏။ သူထိုင်ရသောခုံမှာ သူကိုယ်နှင့်စာလျှင် အနည်းငယ် သေးငယ်ပြီး နောက်မှီကလဲ မလုံလောက်တာအမှန်ပင်။ သူသည်ကျွန်မ မရောက်ခင် ကြာမြင့်စွာကပင် ရောက်နှင့်ခဲ့ဟန်ရှိလေ၏။ သည်မင်္ဂလာဆောင်၌ သူအလွန်စိတ်ဝင်စားနေသည်ကို ဖုံးဖိဖို့ မကြိုးစားချေ။ သူ့ဘဝ၏ တစ်စိတ်တစ်ဒေသလိုပင် ဖြစ်နေလေ၏။

"ကျွန်မလည်း ဝမ်းသာတာပါပဲ" ဟု မိန်းမက စကားစလေ၏။ သူရဲ့နောက်ဆုံးစကားကို တစ်ပိုင်းတစ်စ ကြားလိုက်ပြန်သည်ထင်ပါတယ်။ "သည်လောက် ကြီးကြီးကျယ်ကျယ်လုပ်တာ အထစ်အငေါ့မရှိဘဲ ပြီးတော့မယ်ဆိုတော့၊ တကယ်တော့လည်း ပိုက်ဆံအကုန်ခံနိုင်ရင် အောင်မြင်တာချည်းပဲပေါ့"

ထိုမိန်းမသည် အသာကြွ၍ ကုလားထိုင်ကို ကျွန်မတို့ဘက်သေသေချာချာ လှည့်ပြီး ကျကျနန ပြန်ထိုင်လေ၏။

"ရှင်တို့ကော ညစာစားပွဲအတွက် ဆက်နေအုံးမှာလား"

ကျွန်မက "ဘယ်ညစာစားပွဲလည်းရှင်၊ ကျွန်မတို့

BURMESE CLASSIC .com

မသိပါဘူး”

“သည်မင်္ဂလာဆောင်အခမ်းအနားပြီးရင် ခဏနားမယ်လေ၊ ပြီးတော့ အင်းလျားလိပ်မှာပဲ ဆက်ပြီး ညစာကျွေးလိမ့်အုံးမယ်၊ ဒါကတော့ ဧည့်ပရိသတ်အကုန်အတွက် မဟုတ်ဘူးပေါ့။” မိန်းမသည်အနည်းငယ် ဟန်ကြီးပန်ကြီးလေသံဝင်ကာ “အရေးကြီးတဲ့ပရိသတ်၊ ရင်းနှီးတဲ့ပရိသတ်လောက်ပါပဲ၊ ကျွန်မတို့တော့ ဆွေမျိုးဆိုတော့ အစောကြီးကတည်းက ဖိတ်စာတစ်စုံလုံးရထားတာဘဲ၊ ပျော်စရာကောင်းအုံးမယ်ရှင့်။ စိန်အောင်မင်းနဲ့ ဗလပျံနှစ်ပါးသွားထွက်ဦးမယ်၊ ဒဂုဏ်အောင်ရှပ်သေးလည်းကမယ်၊ မင်္ဂလာဆောင်ကတော့ သူမတူအောင်ကြီးကျယ်ပါပေရဲ့”

သူ့ညီမဖြစ်သူကမူ အတော်ပူပန်နေလေ၏။ “သြဘာစာ ရွတ်နေတာကလည်းမပြီးနိုင်တော့ဘူး၊ ဘိသိက်သွန်းချိန်ကျရင်လဲ မြန်မြန်သွန်းလိုက်တာမဟုတ်ဖူး၊ အနှောင့်အယှက်ရှိမယ်လို့ ဗေဒင်တွေအားလုံးက တွက်ထားကြတာ၊ ယတြာတော့တော်တော်ချေထားတာပဲ ・・・၊ မန္တလေးက မဟာမြတ်မုနိတောင် ရွှေဆိုင်းတစ်ရာ လှမ်းလှူရသေးသတဲ့”

“ပြီးတော့ သတို့သားနဲ့ သတို့သမီး ဟန်းနီးမွန်းခရီးမထွက်ရဘူးလို့ တားထားတယ်မဟုတ်လား”

“အင်းလေ၊ ဒါကြောင့် အင်းလျားလိတ်မှာ နှစ်လနေကြဖို့ စီစဉ်ရတာပေါ့။ အင်းလျားလိပ်မှာ နေတုန်းရေကူးကန်ထဲလည်း ဆင်းမကူးရဘူးတဲ့၊ စနေ၊ ဗုဒ္ဓဟူးမြို့ထဲမထွက်

BURMESE CLASSIC .com

ရဘူးတဲ့"

"ဟော • • •ဟော • • •ဩဘာစာရွတ်လို့ပြီးပြီ၊ ဘိသိက်သွန်းတော့မယ် ထင်ပါရဲ့"

သို့သော် ဩဘာစာရွတ်သော တောင်ရှည်ပုဆိုးနှင့် လူချောချောသည် နာရီကိုကြည့်လိုက်၊ သတို့သား၊ သတို့ သမီးများ၏ မိဘများနှင့် တီးတိုးတိုင်ပင်လိုက် လုပ်နေပြန် သည်။ တကယ့်အချိန်အခါ မကျသေးဘူးထင်သည်။ ဆုံးမ ဩဝါဒစကားမပြောသေးဘဲ၊ အဝါရောင်ဆင်တူဝတ်ထား သော အကူအညီအဖွဲ့မှ လူငယ်များကို တစ်ဆင့်တစ်ဆင့် ခိုင်းသည်ကို မြင်ရပါ၏။ နောက်ဆုံးအဆင့်မှလူငယ်သည် ကျွန်မတို့နားမှဖြတ်သွားကာ တီးဝိုင်းအဖွဲ့ကို မကျယ့်တကျယ် လှမ်း၍ပြောပါသည်။

"ရတုပိုဒ်စုံ ရွတ်ပါတဲ့၊ ရတုပိုဒ်စုံ ရွတ်ပါတဲ့"

"ဘာဖြစ်လို့လဲ၊ ဘိသိက်သွန်းပြီးမှ ရွတ်ရမှာမဟုတ် လား"

"မဟုတ်ဘူး • • •အချိန်ဇယားတွေလွဲကုန်လို့ အစော ကြီးထဲကလည်း ပြောထားရက်သားနဲ့၊ ရတုပိုဒ်စုံရွတ်လိုက်ပါ၊ ၁၂ မိနစ်တဲ့ အပြီးရွတ်ပါ"

"ပြီးပါ့မလား • • • ၁၅မိနစ်လောက်ကြာရင်ကော"

"၁၂ မိနစ်ပဲဗျာ၊ ရအောင်ရွတ်၊ ရတုပိုဒ်စုံရွတ်ပြီးမှ အဖိုးကြီးက ဆုံးမစကား ပြန်ကောက်ပြီး ဘိသိက်သွန်းမှာ"

တီးဝိုင်းဆရာသည် အနည်းငယ် ငြူစူနေပါသည်။

BURMESE CLASSIC .com

သို့သော် ကြည်လွင်ချိုအေးသောတေးသံသည် ချက်ချင်းပင် ထွက်ပေါ်လာပါသည်။ ဆန်းကြယ်စွာ စန္ဒယားနှင့်ထိန်းကွပ်ထားသော ရတုဆိုသံကို ကျေနပ်အားရစဖွယ် ကျွန်မတို့ ကြားနေရပါသည်။ သူလည်း စကားမပြောတော့ပဲ နားစိုက်ထောင်နေသည်။ မိန်းမ၀၀ ညီအစ်မပင် အေးအေးငြိမ်းငြိမ်း နားထောင်နေကြသည်။

“မေနှင့်မောင်တို့

လူ့ဘောင်ခန်းသာ၊ ဂုဏ်ထယ်ဝါခဲ့

မင်္ဂလာအိမ်ထက်၊ စိန်လျှံလက်၍

ရှည်ဆက်ပွားစီး၊ သားသမီးနှင့်

ကြီးမားမေတ္တာ၊ နှစ်တစ်ရာဟု . . .”

သို့သော် ဇည့်ပရိသတ်သည် ပြန်လည်ဆူညံလာပြန်သည်။ ညောင်းညာကြသဖြင့် လှုပ်လှုပ်ရွရွဖြစ်သည်။ ဆွဲဆွဲငင်ငင်သီဆိုရသော ရတုသံကို ပျင်းကြသည်။ ခပ်အုပ်အုပ်ရယ်သံ၊ တီးတိုးစကားသံများ ပီပြင်လာသည်။ ကျွန်မတို့ဘေးမှ မိန်းမညီအစ်မလဲ ကျယ်လောင်သောတီးတိုးသံဖြင့် စကားပြောနေကြပြန်၏။ စောစောက ကျွန်မတို့ဘက် တည့်တည့်လှည့်ထားသော ကုလားထိုင်စက်ဝိုင်းတစ်ခြမ်းတိတိ လှည့်ယူသွားပြီးဖြစ်သဖြင့် အင်္ကျီကြေနေသော ကျောပိုင်းကိုသာ မြင်ရပါသည်။ သူ့စကားကို မသဲကွဲတော့ပါ။ နောက်မီးထိုင်ပါများသဖြင့် သူ့ပုဝါ၌ စီသော ရွှေရောင်ကြယ်ကလေးများ နှုတ်ခမ်းပဲ့နေကြသည်ကို မြင်ရသည်။

www.burmeseclassic.com

BURMESE CLASSIC .com

မကြာခင်ပင် ထိုမိန်းမသည် သူ့ဘက်လှည့်လာပြီး "ချောက်ထုတ်လိုက်စမ်းပါ ・・・ဟိုမှာ"ဟု ဆိုပါသည်။

သူညွှန်ပြရာမှာ ဖွင့်လို့ရမရ ကျွန်မမသိသော လိမ္မော်ပွင့်နှင့် ရေညှိနွယ် ခန်းဆီးများအနားကွတ်သော မှန်တံခါးမကြီး ဖြစ်သည်။ ထိုတံခါးမကို သူဖွင့်ချင်သဖြင့် တွန်းကြည့်သေးသည်ပင်။ ထုတ်ချင်းပေါက်မြင်ရသဖြင့် အပြင်၌ သစ်ရွက်ညိုများ၊ မြက်ခင်းများ၊ နေခြည်များ သာယာနေသည်။ ရေကူးကန်စိမ်းလဲ့လဲ့ကို မြင်နိုင်သည်။ မိန်းမချောက်ထုတ်လိုသည်မှာ တံခါးဝ၌လာရပ်နေသော ၈ နှစ်အရွယ် ကလေးငယ်ဖြစ်သည်။

ကလေးငယ်မှာ အသားအရေမည်းမှောင်လှပြီး ဆံပင်များရှည်၍ ကွေ့လိမ်ကာ ကျနေသည်။ ခပ်ပေပေရေရေပင်။ အင်္ကျီလည်းမပါချေ။ စွပ်ကျယ်လက်ပြတ် လျော့ရဲရဲသာဝတ်သည်။ ပြာမွဲသော ရှုံ့ကြိုးနှင့်ဘောင်းဘီလဲဝတ်သည်။ မျက်လုံးများမှာမူ ပြူးကျယ်တောက်ပလှပြီး ကော့ပျံထူထဲသော မျက်ခုံး၊ မျက်တောင်များ ရှိသည်။ လုံးဝန်းသော နှုတ်ခမ်းကလေးကို ထော်၍ ရွဲ့၍ မှန်တံခါးနှင့်ခန်းဆီးစစပ်ရာမှာ ရပ်နေသည်။ သူ့နှာခေါင်းကလေးမှာ မှန်နှင့်ကပ်ဖိမိ၍ ပြားကာပွနေလေသည်။

"ချောက်ထုတ်လိုက်စမ်းပါရှင့်၊ ကျက်သရေတုံးလိုက်တာ ဘယ်အစေခံတန်းလျားက ကလေးပါလိမ့်၊ သွားဟဲ့ ・・・ ရှူး"

ရည်မွန်ဦးစာစဥ

www.burmeseclassic.com


BURMESE CLASSIC .com

သို့သော် မှန်အပြင်က ကလေးသည် ကြားပုံမပေါ်ပါ။ ပြီးတော့ ကလေးက သူ့ရဲ့ပြုံးရွှင်သောမျက်နှာကို ကြည့်ကာ ပြန်ပြုံးပြန်သည်။ သူက လက်သန်းကိုကွေ့ကောက်ပြပြီး နောက်ပြောင်နေသည်။ ကလေးက ရယ်မောလိုက်ရာ၊ အသစ်ပေါက်စ ဧရာမရှေ့သွားနှစ်ချောင်းပေါ်လာကာ ယုန်ကောင်ကလေးများကို သတိရစေလေ၏။

မိန်းမသည် သူ့ကိုမြင်သွားပြီး . . .“အော် ဖြစ်မှဖြစ်ရလေ . . .” ဟု အသံထွက်ပါသည်။ ပြီးတော့ မျက်နှာကို မဲမှောင်ပုပ်သိုးလိုက်ပြီး ချာကနဲပြန်လှည့်သွားကာ သူ့ညီမနှင့် စကားပြောပြန်ပါသည်။

မိန်းမ၏ ညီမက ပူပန်ပြန်သည်။ “ဟော ရတုပိုဒ်စုံ ဆိုတာကလည်း မပြီးနိုင်ပါလား၊ ၁၂ မိနစ်လို့ ခုနပြောသွားတယ် မဟုတ်လား၊ ခု ၁၅ မိနစ်တောင်ကျော်ပြီ၊ မမဝိုင်းတော့ စိတ်ဆိုးတော့မှာဘဲ၊ သည်တီးဝိုင်းဆရာက တယ်မောက်မာတယ်တဲ့”

“အေးကွယ်၊ ဩဘာစာဆရာ စကားလျှော့ပြောရုံပေါ့၊ ရတုကတော့ ဖြတ်ပစ်လို့မှ မရတာ ဆိုသံကြီးကတော့ ပျင်းစရာကြီး၊ စကားလုံးကလေးတွေကတော့ တယ်ကောင်း . . .ဘာတဲ့ . . .ခုနကြားလိုက်ပါတယ်၊ ချစ်စပယ်ကုံး ရာသက်လုံးဟု ဆံထုံးလျှော့လဲ၊ ပန်ဆင်မြဲ . . .ဆိုလား” မိန်းမသည် အနည်းငယ်ရှက်သွေးဖြာကာ . . .“ဖိတ်စာထဲ ထည့်ရိုက်ထားတာ . . .သမီးဆိုဆိုကြည့်နေတာ ကြားရလို့မှတ်

www.burmeseclassic.com

BURMESE CLASSIC .com

မိနေသေးတယ်”ဟု ဖြေပြော ပြောပြန်သည်။

ထိုခဏ၌ ရတုပိုဒ်စုံ ရွတ်ဆိုခြင်း ပြီးသွားလေ၏။ စန္ဒယားခလုတ်သံ ပြေးလွှားရာမှ အသာအယာရပ်ဆိုင်းသွားလေ၏။ ဩဘာစာရဆရာသည် ယခုမှ တကယ့်မင်္ဂလာကို ပြုတော့မည်ဟန်နှင့် တောင်ရှည်ပုဆိုးခါးပုံစကို မလှလှအောင်ပြုပြင်သပ်ရပ်လေ၏။ ယပ်တောင်လိုကားစွင့်ကာနေမှ ကျေနပ်သည်။ သူ့ခေါင်းပေါင်းစသည် လွင့်ပျံနေ၏။ ထိုနောက် မင်္ဂလာစကား စလေသည်။

အရေးကြီးသော အချိန်အတွက် တီးဝိုင်းမှ အသင့်ပြင်သည်။ ဆန်မန်းပေါက်ပေါက် စပယ်ဖူး၊ စပယ်ပွင့်နှင့် မတ်စေ့သစ် ကျပ်ပြားသစ်များသာ အပြည့်ပါသည်ဆိုသော ငွေဖလားများကို အဖြူချိတ်ဆင်တူဝတ်သော အပျိုမကလေးများက မင်္ဂလာပြီးမြောက်ချိန်နှင့်ကိုက်၍ပစ်ကြဲရန် မင်းလမ်းဝတစ်လျှောက်၌ တန်းစီ၍စောင့်လျက်ရှိလေ၏။ ကျွန်မတို့ဘေးမှမိန်းမဝဝပင် စကားပြောရပ်ကာ မင်္ဂလာစင်မြင့်သို့ မျှော်မောဆဲ သူ့ညီမကပရိတ်ရွတ်လေသလားမသိ၊ မျက်စိအနည်းငယ်မှေး၍ နှုတ်ခမ်းတရွရွဖြင့် တစ်စုံတစ်ခု ရွတ်လေ၏။

သူသည် ဖွင့်၍ရမရ မသိနိုင်သော မှန်တံခါးပေါက်ကြီးဘက်သို့ လှမ်းကြည့်နေရာမှ ဗြုန်းကနဲ ထရပ်လိုက်လေ၏။ ပြီးတော့ သူ့အပေါ်အင်္ကျီကို ဆွဲချွတ်ပစ်လိုက်ရင်း “ရေကန်ထဲမှာ ကလေးရေနစ်နေတယ်၊ လုပ်ပါအုံး ဟု

www.burmeseclassic.com

BURMESE CLASSIC .com

ကျယ်ကျယ်ပြော၏။ ဘယ်သူရေကူးတတ်သလဲဟင် ‥ ရေကူးတတ်ကြလား။ ကျွန်တော်မကူးတတ်ဘူး၊အေး ကော”ကျွန်မသည်ခေါင်းခါပြဆဲ၊ မိန်းမသာများသော ကျွန်မတို့အနီးနားမှ ပရိသတ်များစကားမပြောနိုင် ငေးမောဆဲ၊ သူသည်ကုလားထိုင်လဲကျပြီး ကျယ်လောင်အက်ကွဲကာ အသံပေါ်လာ၏။ သူသည် ဖွင့်၍ရမရမသိသော မှန်တံခါး မကြီးကို ကိုယ်လုံးနှင့် တိုက်လေ၏။ မပွင့်။ သူသည် လဲကျ နေသော ကုလားထိုင်ကို နောက်မှီမှကောက်ကိုင်ကာ မှန်ချပ်ကို ရိုက်ခွဲလေ၏။ ကွဲပြတ်သောမှန်စများ၏ ဆူညံ သောအသံနှင့်အတူ မှန်ကွဲပေါက်မှ သူခုန်ထွက်သွားပါသည်။ သစ်ရွက်သစ်ပင်ညိုစိမ်းသော၊ တိမ်ဖြူများလင်းသော၊ အပြင် သို့ သူရောက်သွား၏။ သူ့ကျော၌မှန်ချွန်စနှင့်ငြိမိဟန်တူ သော ရှပ်အင်္ကျီထောင့်ချိုးကွဲစသည် လန်၍ကျနေကာ ရှမိသောဒဏ်ရာမှ သွေးအနည်းငယ်စို့သဖြင့် စွန်းထင်းလာ သည်ကိုမြင်ရ၏။ သူသည် ရေကူးကန်သို့ လျင်မြန်စွာ ပြေးသွားဆဲ၊ သူ့နဖူးပေါ်က ဖြီးသင်လို့မရနိုင်သော ဆံစများ သည် ခြေလှမ်းများနှင့်အတူ လှုပ်ရှားခုန်ကြွနေလေသည်။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

ဩဘာစာဆရာသည် ရွတ်ဆိုဆဲစကားများကို ရပ်လိုက်ကာ ယောင်ယမ်း၍ "ဘာဖြစ်ကြတာလဲ" ဟု ဆိုလိုက်ရာ ထိုစကားသံသည် အကျယ်ချဲ့သော စကားပြောခွက်မှ ဟိန်း၍ထွက်လာလေ၏။ ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်ကြတာလဲ ဟု ပရိသတ်ထဲမှ ပဲ့တင်ပြန်လာလေ၏။ ဓားပြတိုက်သလား၊ သူပုန်စီးသလား။

သတို့သမီးဖခင် သူဌေး၏လက်စွဲက ခြောက်လုံးပြူးကို ဆွဲအိတ်ထဲမှ ထုတ်လေ၏ "ဘိသိက်သွန်းပါ၊ မင်္ဂလာပွဲကို ဆက်လုပ်ပါ" ဟု သူကစင်မြင့်ပေါ်သို့ လှမ်းအော်သည်။ "အချိန်တိကျဖို့ အရေးကြီးတယ်မဟုတ်လား၊ မင်္ဂလာဆောင် အနှောင့်အယှက်ပေါ်မယ်ဆိုတာ ဗေဒင်ကသတိပေးထား

BURMESE CLASSIC .com

သွားပဲ”ဟု ထပ်၍အော်ပြန်၏။ စင်မြင့်ပေါ်၌အုပ်ထိန်းလို့ရသွား၏။ သြဘာစာဆရာသည် စကားပြောခွက်ကို လေနှင့်မှုတ်လိုက်၊ လက်သည်းဖြင့်ခေါက်လိုက်လုပ်ရာ အသံဗလံကျယ်လောင်စွာထွက်လာပြန်သည်။ ပြီးတော့ သြဘာစာဆရာ အလွန်ကျယ်လောင်စွာ ရွတ်ဖတ်ပြောဆိုလေသည်။

သည်လိုနှင့်ဘိသိက်သွန်းခြင်း ပြီးမြောက်သွားလေ၏။ တီးဝိုင်းက ပွဲလန့်သည့် ပရိသတ်ကို ပတ်မတုတ်၍ ထိန်းသည့် သဖွယ် မြိုင်မြိုင်ဆိုင်ဆိုင်ကြီးတီးလေ၏။ သက်ဝေ သီချင်းကို ကျယ်လောင်လှသဖြင့် မသာယာနိုင်တော့သော ယောကျ်ားသံ၊ မိန်းမသံက ဆိုကြလေ၏။

စောစောက တန်းစီးနေကြသော အဖြူရှိတ်ဆင်တူဝတ်သည့် မိန်းမပျိုများ အံ့အားသင့်နေသည်ကို လူကြီးများက ငေါက်ငမ်းနေသည်။ “ဆန်မန်းပေါက်ပေါက်ကြဲလေ · · ·ကြဲလေဘာလုပ်နေကြတာလဲ၊ တယ်အ ကြတာကိုး” ဒရောသောပါးပစ်ကြသဖြင့် ငွေဖလားထဲမှ မတ်စေ့၊ ငါးမူးစေ့၊ ကျပ်ပြားများသည် ပရိသတ်တချို့၏ မျက်နှာများ၊ ခေါင်းများ၊ ပခုံးများကိုပင် ထိခိုက်မိသည်၊ နာကျင်စေသည်၊ ညှပ်ရိုးနှင့်ထိမိ၍ မျက်ရည်လည်သူက လည်သည်။ ကြမ်းပေါ်ကျသော ပိုက်ဆံစေ့များ လိမ့်ပြေးသွားကြပြီး ဒေါက်မြင့်ဖိနပ်ရောင်စုံများကြားမှာ ငြိမ်ဝပ်သွားကြသည်။

“ခဲနဲ့ပေါက်တာလား၊ ခဲဖိုးတောင်းတာလား၊ ဖြစ်မှဖြစ်ရလေ”ဟု ပါးရေများတွဲကျနေသော အဖွားကြီးတစ်

BURMESE CLASSIC .com

ယောက်က စိန်နားကပ်တလှုပ်လှုပ်နှင့်ပြောလေ၏။

"အရက်မူးသမား ဝင်လာတာထင်ပါရဲ့" ဟုဗိုက်ပူဆူဖြိုးသောဖဲဒိုင်ခံစားသည့် သစ်ကုန်သည်ဟောင်းကပြောလေ၏။

"မဟုတ်ပါဘူး၊ အရူးပါ၊ ကုလားအရူးပါ"

"မဟုတ်ဘူး၊ ဝိုင်ယာကြိုးပြတ်ပြီး မီးလောင်တာ၊ မီးသတ်စက်ခေါ်ပါ၊ ဖုံးဆက်ပါ"

မီးဆိုသော အသံကိုကြားသည့် ပရိသတ်တစ်ပိုင်းတစ်စသည် ရုတ်ရုတ်သဲသဲ ဖြစ်လာပြန်သည်။ အခြေအနေထိန်းလို့ မရဖြစ်တော့သည်လား။ ထိုခဏ၌ စောစောကခြောက်လုံးပြူးထုတ်၍ ခါးပတ်၌ချိတ်သော သူဌေးလက်စွဲသည် စင်မြင့်ပေါ်သို့ လွှားကနဲခုန်တက်၍ စကားပြောခွက်မှ ဟန်ပါပါကြေညာလေ၏။

"ပရိသတ်တို့ခင်ဗျား ...ဘာမှမပူပင်ကြပါနဲ့၊ ဘာမှမဖြစ်ပါဘူး၊ ကုလားထိုင်နဲ့တိုက်မိလို့ မှန်တစ်ချပ်ကွဲသွားတာပါ၊ ပုလိပ်အစောင့်အကြပ်တွေ စောင့်ရှောက်နေပါတယ်၊ ဘာမှမပူပင်ကြပါနဲ့၊ ဘာမှမဖြစ်ပါဘူး၊ ဘာမှလည်း ဖြစ်တာမှုတ်ပါဘူး၊ စိတ်အေးလက်အေးထိုင်နေကြပါ ...။

"ခုပဲ အစားအသောက်များနဲ့ ဧည့်ခံပါတော့မယ်၊ စိတ်ချမ်းသာစွာ သုံးဆောင်တော်မူကြပါခင်ဗျာ ... ။

"လူကြီးမင်းတို့ အေးအေးဆေးဆေး နေထိုင်နိုင်ဘို့ ဟောဒီဟိုတယ်ခန်းမကို ၁၄နာရီတိတိ ငှားရမ်းထားပါတယ်၊

BURMESE CLASSIC .com

ခုငါးမိနစ်အတွင်း ရုတ်ချည်းအစီအစဉ်အရ ယိုးဒယားပြန် အမာစိန်က ကပြဖြေဖျော်ပါအုံးမယ်”

ပရိသတ်သည် အတော်ငြိမ်၍သွားလေ၏။ ရှက်ကိုး ရှက်ကန်းနှင့် ရယ်မောသံများပင်ပေါ်လာလေသည်။ စောစော က သက်ဝေသီချင်းသီဆိုနေသော တီးဝိုင်းမှတေးသံသည် တစ်ဝက်တစ်ပျက်နှင့် ပြန်ဆက်ရတော့မည်လား၊ ရပ်စဲထား လိုက်ရတော့မည်လား၊ မဝေခွဲနိုင်ဖြစ်နေလေ၏။ သို့သော် အမာစိန်က ပွဲထိုင်သို့လာသော အရပ်သူအဝတ်အစားနှင့်ပင် ပုဝါကိုမူဖားဖားခြုံ၍ တီးဝိုင်းဘေးမှ စင်မြင့်ပေါ်သို့ တက်က လျှင်တော့၊ က၍ကောင်းမည့်သီချင်း၊ တီးကွက်ကို ရှာကြ လေ၏။

စားရင်းသောက်ရင်း စကားတင်းများ လှိုင်လာပြန် သည်။

“သတို့သား ဆရာဝန်လောင်းက မိန်းမသိပ်ရှုပ်ဆို ပဲ၊ နှစ်မတွေ အလဲလဲတွဲနေလိုက်တာ ဟောတစ်ယောက် ဟောတစ်ယောက်တဲ့ . . .”

“အိုကွယ် . . .မပြောကြပါနဲ့ . . .”

“တကယ် သူ့လခနဲ့ ညနေဆေးခန်းကရသမျှ သူ့ အမေက တစ်ပြားမှ မစားရဘူးဆိုဘဲ၊ ကလေးစရိတ်ပေးရ တာနဲ့ ကုန်ရောတဲ့၊ မိန်းမပွေတာကတော့ တကယ်ပဲ ”

“ဒါကြောင့် စာတော်ရက်သားနဲ့ စကောလားရှစ် တောင် မပေးဘူးတဲ့၊ နာမည်ပျက်လို့တဲ့ . . .”

www.burmeseclassic.com

BURMESE CLASSIC .com

"မကပ်နိုင်လို့က ပိုဖြစ်ပါလိမ့်မယ် · · ·"

"မိန်းမပွေပုံကလည်း လွန်တာကို၊ မင်္ဂလာဆောင် ခါနီး ဆို့ရပိတ်ရတာတောင် ငွေအတော်ကုန်သွားဆိုလား၊ ဟို စစ္စတာ ငယ်ငယ်ချောချောကလေး တစ်ယောက် ကတောင် သတင်းစာထဲ ထည့်အရှက်ခွဲမယ် ကြိမ်းလို့တဲ့၊ မနည်း ဆရာဝန်ကြီးတွေကိုပါဝိုင်းပြီး မှိုင်းမခိုင်းရတာတဲ့ ရှင် · · ·"

"ခုန မှန်ခွဲသံကြားတာ အဲဒါများလားမသိ · · ·"

"မဟုတ်ပါဘူး၊ ကျွန်မထင်တော့ ဟိုသတင်းအ တိုင်းဖြစ်တာ ထင်တယ်၊ ကောင်မလေးက ရည်စားအများ သားတဲ့ သူ့ကြိုက်တဲ့ကောင်လေး ဟို · · ·သူက မင်္ဂလာ ဆောင်က အပြန်မှာဆိုလား၊ အလာကိုဆိုလား ကားနဲ့ အတင်းတင်ပြေးမလို့တဲ့၊ အဲဒါ ဖြစ်တာလားမသိ · · ·"

"မင်္ဂလာဆောင်တုန်းတန်းလန်းကြီး မှန်လာခွဲလို့ ဘာဖြစ်သွားမှာလဲ"

"အေးလေ · · ·အချိန်မှတ်မှားလို့ ဖြစ်မှာပေါ့ · · ·

"အော် · · ·ဒါကြောင့် ဟန်းနီးမွန်တောင်မထွက် ရဲတာထင်တယ် · · ·"

"ဒါနဲ့ ဗေဒင်အရ ခရီးမထွက်ရတာဆို"

"အို ပြောချင်ရာ ပြောနေကြတာပါ၊ မုသာဝါဒတွေ"

"ဟား · · ·ဟား · · ·ဟား · · ·ဟား · · ·"

တဖြည်းဖြည်းနှင့် ပရိသတ်သည် အစားအသောက်၌

BURMESE CLASSIC .com

စိတ်ဝင်စားသွားသည်။ "ကြက်သားဒန်ပေါက် ကောင်းလိုက်တာ၊ အဲဒါထောပတ်ကောင်းလွန်းလို့သိလား၊ ဘယ်ကများ မှာတာပါလိမ့်" ဟုပြောလာကြသည်။ ခုခေတ်တော့ အင်းလျားလိတ်က ကိတ်မုန့်မှပဲ စားလို့ရတော့ တယ်. . ."ဟုဖန်ကြသည်။

"သူ့မင်္ဂလာဆောင်ကတော့ အဆန်းပဲဟေ့ သူမတူအောင်ကို လုပ်တာပဲ၊ သစ်သီးပွဲတောင် ဆက်ချတယ်၊ ရေခဲမုန့်နဲ့ စားရအောင်တဲ့" ဟု အံ့သြကြသည်။

"ပိုက်ဆံက စကားပြောတာပေါ့၊ ဟုတ်မဟုတ်တော့ မသိဘူး၊ ခုနကြဲတဲ့ဆန်မန်းပေါက်ပေါက်ထဲမှာ ရွှေမူးစေ့တွေ၊ ရွှေပဲစေ့တွေတောင်ထည့်တယ်တဲ့၊ ဘယ်က မှာယူသလဲ တော့မသိဘူး၊ ကျွန်မတော့ တစ်စေ့မှမကောက်ရပါဘူး၊ ဟောသည် မတ်စေ့အသစ်ကလေးတစ်စေ့ပဲ ပေါင်ပေါ်ကျလာလို့ . . ."

ရတ်ချည်း အစီအစဉ်ပင်ထင်သည်။ တီးဝိုင်းမှ ယောကျ်ားအဆို လူငယ်တစ်ယောက်ထလာကာ အမာစိန် နှင့်တွဲ၍ မြိုင်ထနစ်ပါးသွားစပြုလေ၏၊ အမာစိန်ကကျကျနန ကသော် ယောကျ်ားအဆိုက သိမ်မွေ့စွာ ကိုယ်ကိုနွဲ့လို့နေသည်။ ခေါင်းကိုငဲ့လို့နေသည်။ မင်းသမီးအကအတွက် လျောက်ပတ်သော နောက်ခံကားပြုသည့် သူ့အသံမှာ ကြည်လင်၍ ပွဲထိန်းသောအသံမျိုး ဖြစ်သော်လည်း၊ ခပ်ညင်ညင်သာသာပင်ဆိုသဖြင့် တစ်မျိုးပိုမိုသာယာလေ၏။

www.burmeseclassic.com

BURMESE CLASSIC .com

လက်ထပ်ပွဲခန်းမဆောင်သည် ပြန်လည်အေးချမ်းသွားပြီး၊ ထိပ်စားပွဲမှ လူကြီးများပင်၊ သတို့သား သတို့သမီးကို နှုတ်ဆက်ကောင်းချီးပေးရန် ထကြလေပြီ။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ မှန်တံခါးကြီးကို ဖွင့်လို့ရလေသည်။ မမြင်သာအောင်တပ်ထားသော တံခါးသော့ချက်မှာ ကြမ်းပြင်နှင့်ကပ်လျက်ရှိကာ တံခါးဘောင်များနှင့် ရောနှောအောင် ဝှက်၍ တတ်ထားခြင်းသာဖြစ်သည်။ သာမန်အားဖြင့် မင်္ဂလာဧည့်ခံခန်းသို့ လာရောက်ရမည် မဟုတ်သော စပို့ရှပ်အဖြူ ဘောင်းဘီရှည်အဖြူမှုသာ ဝတ်ထားသော အလုပ်သမားလူငယ်တစ်ယောက်က လာ၍ ဖွင့်သည်ကို ကျွန်မမြင်ရသည်။

လူငယ်သည် တံခါးသော့ချက်ကို ရှူးဖိနပ်ဦးဖြင့်တွန်း လိုက်ရုံဖြင့် မှန်းတခါးများဖွင့်လို့ရသွားသည်။ မှန်တံခါးများမှာ ချောမွတ်သော ဘီးတပ်ထားသည့် ဆွဲတံခါးများဖြစ်သည်။ အသာကလေးတွန်းလိုက်ရုံနှင့် မှန်ချပ်ဘောင်များထပ် သွားကာ တံခါးပေါက်ပွင့်သွားသည်။ မှန်ကွဲစအနည်းငယ် ကျလာပြန်သည်။ လူငယ်သည် မျက်နှာအနည်းငယ်

www.burmeseclassic.com

BURMESE CLASSIC .com

ပျက်ကာ လိမ္မော်ရောင်ပွင့်များ၊ ရေညှိနွယ်များ လွှမ်းမိုးသည့် ခန်းဆီးများဖြင့် အပေါက်ကို ပိတ်လိုက်သော်လည်း လေတိုက်သဖြင့် ခန်းဆီးများ လှုပ်ရှားလို့တော့နေလေသည်။

ခန်းဆီးနှစ်စ ဆက်မိသည့်တပြိုင်နက် လူငယ်သည် အပြင်သို့ရောက်သွားသည်။ ခန်းဆီးစထူသော်လည်း အပြင်မှ အလင်းရောင်များသည့်အတွက်၊ ထိုလူငယ် ဒူးထောက်ထိုင်၍ မှန်စများကောက်သိမ်းနေဟန်ကို ရိုးတိုးရိပ်တိတ်တွေ့ရပါသည်။ မှန်စများစုမိသံ၊ ထပ်မိသံကိုလဲကြားရသည်။ လေတိုးဖေ့ခွဲဖွင့်လိုက်သည့်အခါ အနည်းငယ်ကွာဟသွားသော ခန်းဆီးနှစ်စကြားမှလည်း လူငယ်ကို တစ်ချက်တစ်ချက်တွေ့ရသည်။

ကျွန်မသည် ချလာသောအစားအစာများကို မစားဘဲ စိတ်ဝေခွဲဖို့ ကြိုးစားလျက်ရှိ၏။ ထောင့်၌ကပ်ထားသော ကျွန်မ၏သေးငယ်သည့်စားပွဲမှာ ကျွန်မတစ်ယောက်သာ ကျန်သည်။ သူချွတ်ပစ်ခဲ့သော တိုက်ပုံအင်္ကျီကို ကျွန်မ သေသပ်စွာခေါက်၍ စားပွဲပေါ်တင်ထားရာ အစားအသောက်များ လာချသဖြင့် ကျွန်မ၏ပေါင်ပေါ်သို့ တင်ထားရသည်။ ထိုတိုက်ပုံကို စောစောက မိန်းမဝဝ ညီအမသည် တစ်လှည့်စီ လှမ်းကြည့်လျက်ရှိသည်။ ကျွန်မဘာမှ မစားသောက်သည်ကိုလဲ သတိပြုကြပြန်သည်။

နောက်ဆုံး၌ ကျွန်မဝေခွဲ၍ရသည်၊ စားပွဲများကြားမှ ဖြတ်သန်း၍ ခန်းမပေါက်ဝမှ ထွက်ဖို့မလိုဟု ဆုံးဖြတ်

BURMESE CLASSIC .com

လိုက်ပါသည်။ စားသောက်နေဆဲလူတို့ မော်ကြည့်မည်လဲ ကြောက်ရွံ့ခြင်းမရှိသည်ကို ဝန်ခံရပါသည်။ ကျွန်မသည် အပြင်သို့ မြန်မြန်ရောက်ချင်ခြင်းသာရှိသဖြင့် လှုပ်ရှားနေသောခန်းဆီးစကို ဖယ်၍ မှန်ကွဲစများကို ကျော်၍နီးကပ်သော မှန်တံခါးပေါက်မှထွက်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ သူ့တိုက်ပုံကို ကျွန်မလက်မောင်းပေါ်၌ချိတ်ကာ အသာအယာ ထလိုက်ရာ၊ မိန်းမဝဝလှမ်း၍ "ပြန်တော့မလို့လား" ဟု နှုတ်ဆက်သလိုမေးမြန်းလေ၏။ ကျွန်မအဖြေမပေးပါ။ ပြီးတော့ ခန်းဆီးတစ်စကိုလှပ်ကာ ခြေနှစ်လှမ်းမျှ လှမ်းရုံနှင့် ကျွန်မအပြင်သို့ ရောက်ခဲ့လေသည်။

စပို့ရှပ်နှင့် လူငယ်သည် မှန်စအားလုံးလိုလိုကို စုဆောင်းပြီးစရှိသည်။ မှန်ကွဲအမှုံများကို လက်နှင့်ကောက်လို့ ရသည်မဟုတ်။ သူ့လက်၌ သွေးအနည်းငယ်ပေသည်ကို ကျွန်မသတိပြုလိုက်၏။ လူငယ်က ပြုံးရယ်ကာ"မမ ဒါ ထွက်ပေါက်မဟုတ်ဘူး" ဟုပြောပြ၏။

"ကျွန်မ ရေကူးကန်ဘက်သွားမလို့ပါ"

"မသွားပါနဲ့၊ အဲသည်မှာ လူတစ်ယောက် ရေနစ်လို့ လူတွေလည်း အများကြီးအုံနေတယ်၊ ပုလိပ်တွေလဲရောက်နေတယ်"

"ကျွန်မဆရာဝန်ပါ"

လူငယ်ကပြုံးရယ်ပြန်ကာ "ကျွန်တော်လဲ လိုက်ခဲ့မယ်" ဟုပြောသည်။ ကျွန်မက ပြန်မဖြေပါ။ ကျွန်မတို့

ခပ်သုတ်သုတ်ထွက်လာကြသည်။ နွေးထွေးသောနေရောင်ခြည်ကို ဖြတ်သန်းလာပြီး၊ ရေကူးကန်ဘက် ရောက်လာသည်။ ရေကူးကန်၌ ရေသည် လှုပ်ရှားယိမ်းထိုးဆဲရှိသည်။ ရေကူးကန်၌လူတစ်ယောက်မျှမရှိ။ ရေကူးကန်နှင့် ကိုက်တစ်ရာခန့်ဝေးသော သစ်ရိပ်များအောက်၌သာ လူအနည်းငယ် စုရုံးနေပါသည်။ ပုလိပ်ဝတ်စုံ များကိုလည်း လှမ်းမြင်ရသည်။

"ဟိုမှာ မမရဲ့၊ မြက်ခင်းပေါ်မှာမှောက်ရက်ကြီးသေများသေပြီးလားမသိ"ဟု လူငယ်ကပြောသည်။

သစ်ရိပ်အောက်သို့ရောက်လျှင် "ဆရာဝန်လာတယ်"ဟု လူငယ်က ကြေညာသဖြင့် ရဲပေးကြသည်။ သူသတိမေ့ကာလဲနေသည်ထင်သည်။ သူ့နဖူးမှာ ခြစ်မိသောဒဏ်ရာမှ သွေးခဲစပြုနေသည်။ ကျောကုန်းမှ မှန်ကွဲရှရာမှာမူ သွေးပြန်ထွက်နေသည်။ မျက်နှာ၌ ရေများစိုနေဆဲပင်။ သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုဆဲပင်။ စောစောက သိမ်း၍မရသောဆံပင်များသည် ရေဖြင့်လေးကာ ခေါင်း၌ကပ်နေကြသည်။

ပုလိပ်သားတစ်ယောက်က "သူရေတော့ တော်တော်အန်ပစ်လိုက်ပါပြီ ဒေါက်တာ၊ ကျွန်တော်လည်း နောက်ထပ်ဘာမှ မလုပ်တတ်တော့ပါဘူး၊ အသက်တော့ မှန်မှန်ရှူနေတာနဲ့ ပူစရာမရှိဘူးထင်တာနဲ့" ဟု ပြောသည်။

ကျွန်မသည် စပို့ရှပ်ဝတ်လူငယ်နှင့် ထိုပုလိပ်ကလေးတို့ အကူအညီဖြင့် သူ့ကိုပက်လက်လှန်လိုက်ပါသည်။

BURMESE CLASSIC .com

ကျွန်မ၏ ဇာဖြူပုဝါဖြင့် သူ့မျက်နှာကိုသုတ်ပေးလျှင်တော့ "အို . . . ဒေါက်တာရယ် ပေကုန်တော့မှာဘဲ၊ ပစ်ရတော့မှာဘဲ" ဟု ဝိုင်း၍နှမြောကြသံ ကြားရလေ၏။ ကျွန်မကမူ သူ့ရဲ့စိုရွှဲနေသောဆံပင်များကို ဇာဖြူပုဝါနှင့် ဆက်လက်ပွတ်တိုက်လျက်နေသည်။ ဆံပင်သွေ့စပြုလျှင် သူသည် အနည်းငယ် လွန့်လိုက်ပြီး မျက်လုံးများပွင့်လာလေသည်။ ကျွန်မကိုမြင်လျှင်ပြုံးလိုက်ကာ "အားနာလိုက်တာအေးရယ်၊ ကျွန်တော်ဘာမှမဖြစ်ပါဘူး" ဟု ခပ်တိုးတိုးပြောလေ၏။ "ကလေးကော . . . ဆယ်လို့ရတယ်မှုတ်လား" ဟု လက်ထောက်၍ထထိုင်ရင်း ဘေးဘီသို့လှည့်ကြည့်ပေသည်။

လက်ထက်ပွဲမှ စီစဉ်သူ လူကြီးဖြစ်ဟန်တူသော ဝတ်ကောင်းစားလှနှင့်လူက ဒေါသထွက်နေဟန်ဖြင့် "ကလေးက ဆယ်စရာမလိုဘူးကိုယ့်လူရဲ့၊ ခင်ဗျားနစ်နေလို့ ဆယ်ရတာ၊ ကလေးကရေကူးတတ်တယ်"ဟုပြောသည်။

သူက ခပ်အေးအေးပင် "ကလေးက ရေမကူးတတ်ပါဘူး၊ နစ်နေတာဘဲ၊ ကျွန်တော့်ရှေ့တင် နစ်ခါတောင်မြုပ်သွားတာပဲ၊ ပြီးတော့ ရေကူးတတ်လည်း ရေနစ်နိုင်တာပဲ" ဟုပြောသည်။

"အတော်ခက်တဲ့လူဘဲ ကလေးက ရေကူးကန်ရေလဲတဲ့ အလုပ်သမားရဲ့ကလေးဗျ၊ ရေကန်ထဲအခါတစ်ရာကျလည်း သူ့အဖေဆယ်လိမ့်မယ်၊ ဆယ်လဲဆယ်နေကျတဲ့၊ ခင်ဗျားနဲ့ဘာဆိုင်လဲ၊ ခုတော့ကောင်းသေးလား၊ ကျုပ်တူမ

www.burmeseclassic.com


ဘိသိက်သွန်းတာ အချိန်လွဲသွားပြီ၊ ၄ စက္ကန့်တိတိနောက် ကျသွားပြီ၊ သူ့ဟောတဲ့ဇေဒင်သာမှန်ရင်တော့ သေရင်သေ၊ မသေရင်ကွဲပဲတဲ့၊ ကျုပ်ခင်ဗျားကို တရားစွဲချင်တယ်၊ မင်္ဂလာ ဆောင်နှောင့်ယှက်မှုနဲ့"

သူက လက်များကိုပိုက်ကာ ကြက်သီးများထ ပါသည်။

"အေးရယ် ···ချမ်းလိုက်တာ"ဟု ကျွန်မကိုပြုံး၍ ပြောပြန်သည်။ ပြီးတော့မှ လူကြီးဘက်သို့လှည့်၍ "ဒါတွေ တော့ကျွန်တော်ဘယ်သိမလဲ၊ ကျွန်တော်မြင်တာက ကလေးရေနစ်နေတာဘဲ၊ သူ့ဘဝကလေးဟာ ခုမှ စခါစ ရှိသေးတယ်၊ ရှေ့မှာ အလားအလာတွေ အများကြီး ရှိတယ်၊ ဘယ်အဆုံးခံနိုင်ပါ့မလဲ၊ မင်္ဂလာဆောင်ဆိုတာက အပျော် အပါးကိစ္စပဲဗျာ၊ သည်လိုဖြစ်ရတာ ဝမ်းနည်းပါတယ်၊ ဒါပေ မယ့် လင်မယားဆိုတာလည်း ကွဲတာနဲ့မကွဲတာ တစ်ခုခု တော့ ဖြစ်နေရမှာပေါ့" ဟု ညင်သာစွာပြောပြန်သည်။

စပို့ရှပ်နှင့်လူငယ်က ဝင်၍ "တန်းလျားက ကုလား ကလေးလေးလား၊ အလားအလာတွေ အများကြီးရှိ တယ် ···ဟားဟား" ဟု ရယ်ပါသည်။

"ဒါပေမယ့် ကိုယ့်လူ၊ ခင်ဗျာခွဲလိုက်တဲ့မှန်က သုံးရာ အနည်းဆုံးတန်မှာ၊ ဝယ်လို့လဲမရဘူး၊ အဲဒါတော့ ခင်ဗျားဖြေရှင်းရလိမ့်မယ်၊ ကျုပ်လက်လည်းရှကုန်ပြီ" ထို့နောက် သူ့လက်များကိုဖြန့်ကာ သနားကြင်နာသလို

www.burmeseclassic.com


ကြည့်နေလေ၏။

ပုလိပ်အရာရှိက စာအုပ်ကလေး ထုတ်၍ "ခင်ဗျား နာမည်"ဟု စတင်သည်။

ကျွန်မက "သည်မှာ သူအအေးမိနိုင်တယ်၊ အဆုတ်ရောင်တတ်တယ်၊ စောင်တစ်ထည်လောက် ရှာပေးကြပါ" ဟု ပြောလိုက်ပြီး သူ့တိုက်ပုံဖြင့် ခြုံပေးပါသည်။

သူ့ကို ရေအန်စေခဲ့သော ပုလိပ်သားကလေးက "ဟုတ်ကဲ့ဟုတ်ကဲ့၊ အိပ်ခန်းတွေဘက်မှာ သွားတောင်းရင် ရမှာပေါ့နော်" ဟုပြောပြောဆိုဆို ပြေးသွားပါသည်။

ဝတ်ကောင်းစားလှနှင့်လူကြီးက ပိုမို၍ ဒေါသထွက်လျက်ရှိသည်။ ထိုးချင်ကြိတ်ချင်ဟန်ဖြင့် လက်သီး တပြင်ပြင်နေလေ၏။ သူ့မျက်နှာတစ်ခုလုံးရဲကာ မျက်ထောင့်များနီနေသည်။

"ခင်ဗျားဘယ်လိုလူလည်း၊ ဘယ်ကလည်း၊ ဖိတ်စာရလို့ လာတာဟုတ်ရဲ့လား၊ ခင်ဗျားလိုလူကို ကျုပ်တို့ဖိတ်မိမယ်လည်း မထင်ပါဘူး၊ သည်မင်္ဂလာဆောင်အနှောင့်အယှက်များတာ တစ်ပြည်လုံးအသိ၊ ခင်ဗျားကို ဘယ်သူလွှတ်လိုက်သလဲ၊ မှန်မှန်ပြော"

"စကားပြောတယ်ရိုင်းတာကိုး" ဟု သူက ညည်းရုံညည်းလိုက်ပြီး ဘာမျှမဖြေပါ။

ပုလိပ်အရာရှိကဖောင်တိန်အသင့်ပြင်၍ "ခင်ဗျား နာမည်" ဟုမေးပြန်သည်။

ရည်မွန်ဦးစာစဉ်

BURMESE CLASSIC .com

စောစောက ပုလိပ်သားကလေးသည် သက္ကလပ်စောင် အပြာရင့်ရောင်ကို ပွေ့ပြေးလာပါသည်။ သူ့နောက်မှာ ကျွန်မတို့နှင့် ကပ်၍ထိုင်လာသော မိန်းမဝဝညီအမနှင့် လူသုံးလေးယောက်ပါလာပြန်သည်။ မိန်းမဝဝကအနား ရောက်ရောက်ချင်း "အော် · · · ဒေါက်တာကိုး"ဟု အနှစ်နှစ်အလလက သိကျွမ်းခဲ့သလို ပြောလိုက်သည်။ ကျွန်မက စောင်ကိုဖြန့်ခါလိုက်ပြီး သူ့ကိုထွေးပတ်၍ခြုံပေးလိုက်ရာ၊ သူက "ကျေးဇူး" ဟု တိုးတိုးဆိုလေ၏။

ဝတ်ကောင်းစားလှနှင့်လူကြီးက မိန်းမဝဝနှစ်ယောက်ကိုလှမ်း၍မေးပြန်၏။ "မညွန့်တို့ သည်လူကိုသိသလား၊ ဟောသည်ဒေါက်တာနဲ့တော့ သိသလိုဘဲ"

"အလိုရှင်၊ ကျွန်မတို့နဲ့ မသိပါဘူး၊ တစ်ခါမှမမြင်ဖူးဘူး၊ ဒေါက်တာ့စားပွဲတော့လာထိုင်တာပဲ" ဟုပြောပြီး ကျွန်မကို အားနာဟန်ပြုလာ၏။

ကျွန်မက အားလုံးမျက်နှာများကိုကြည့်၍သာနေလိုက်ပါသည်။ ပြီးတော့ သူ့လက်ဖျားများကို ဆုပ်ကိုင်ကြည့်ကာ "ပြာနေတာပဲ၊ ရှင်ချမ်းနေသေးသလား" ဟု မေးပြန်ပါသည်။

ပုလိပ်အရာရှိက "ခင်ဗျားနာမည်" ဟုမေးပြန်ပါသည်။

သူက "နွေးလာပါပြီ" ဟု ကျွန်မကိုပြောပြီးမှ "ကျွန်တော့်နာမည်ဘာဖြစ်လို့ သိချင်ရတာလည်း" ဟု

BURMESE CLASSIC .com

ပြန်မေးလေ၏။

ပုလိပ်အရာရှိက သူပါ ဒေါသကူးစက်လာဟန်ဖြင့် “ကျုပ်ကပုလိပ်ပဲ၊ ခင်ဗျားကို သင်္ကာမကင်းရှိရင် စစ်ဆေးမေးမြန်းနိုင်တယ်၊ ဖမ်းချုပ်နိုင်တယ်၊ အပြစ်ရှိတယ်ထင်ရင် တရားစွဲနိုင်တယ်” ဟု ပြောလေ၏။

“ခင်ဗျား သင်္ကာမကင်းဖြစ်ရအောင် ကျွန်တော် ကလေးရေနစ်တာကို ဆင်းဆယ်တာ ခင်ဗျားအသိပဲ”

“ဒါပေမယ့် ခင်ဗျားနာမည်ကို ဝှက်ထားစရာ ဘာအကြောင်းရှိသလဲ . . .၊ ဝှက်ထားစရာ အကြောင်းရှိသလား”

“မရှိပါဘူး၊ မပြောချင်တာတစ်ခုပါပဲ”

စပို့ရှပ်နှင့်လူငယ်ကဝင်၍ “မှတ်ပုံတင်ကတ်ပြားပေးလိုက်ဗျာ၊ စကားမပြောချင်ရင်” ဟု အကြံပေးပါသည်။

ပုလိပ်လေးက “နောင်ကြီးမောနေသေးလို့လား” ဟုပြော၏။

“မမောပါဘူး၊ အကောင်းသားပဲ”

ပုလိပ်အရာရှိက “မှတ်ပုံတင်ကတ်ပြားပေးဗျာ”

သူက ကျွန်မဘက်လှည့်၍ပြုံးပြန်ကာ “ဘယ်နှယ့်လုပ်မလဲအေးရဲ့၊ အဲသည်ကတ်ပြားတစ်ခါမှ မလုပ်ဖူးသေးဘူး၊ ပြီးတော့ ကတ်ပြားမရှိရင် ကျွန်တော် လူမဟုတ်တော့ဘူးလား၊ သူတို့သိချင်တဲ့နာမည်ကော ကျွန်တော့အဖို့လိုလို့လား၊ သည်မှာနောင်ကြီးရဲ့၊ လူတစ်ယောက် ကလေးဆယ်ရင်း ရေနစ်တယ်လို့သာ မှတ်လိုက်ပါဗျာ၊ တော်ရောပေါ့၊

BURMESE CLASSIC .com

ဘာချဲ့နေစရာလိုလဲ၊ ကျွန်တော်လဲ အိမ်ပြန်တော့မယ်"

"ခင်ဗျား မပြန်ရသေးဘူး" ဟု ဝတ်ကောင်းစားလှနှင့် လူကြီးရော ပုလိပ်အရာရှိပါ ပြိုင်တူပြောကြလေ၏။

မိန်းမဝဝက ကျွန်မနားကပ်၍တိုးတိုးကလေး "ဒေါက်တာနဲ့တော်တော်ခင်သလား" ဟု မေးသည်ကို ကျွန်မပြန်မဖြေပါ။ မိန်းမသည် ကျွန်မကိုပါ မျက်မှောင်ကုတ်၍ ကြည့်လိုက်ပါသည်။ သူ့ညီမနှင့်တိုးတိုးပြောကြပြန်ပါသည်။ ပြီးတော့ရှေ့တစ်လှမ်းတိုးကာ "ကျွန်မအထင်တော့ သည်လူအရက်မူးနေတယ်ထင်တာပဲ၊ ဘာကြောင့်လဲဆိုတော့ မင်္ဂလာဆောင်ကိုလာတာ ဝင်လာကတည်းက ကျွန်မကြည့်နေတယ်၊ ခေါင်းစုတ်ဖွားနဲ့ ဆံပင်တစ်ဖုတ်လုံး မျက်နှာပေါ်ကျလို့၊ ဘန်ကောက်ပုဆိုးနဲ့ ပိုးတိုက်ပုံနဲ့ ဝတ်ထားတာကတော့အကျပဲ၊ ပြီးတော့ ဟောသည်ဒေါက်တာကိုလည်း စကားတွေတစ်ချိန်လုံးပြောနေတာပဲ၊ မူးနေတယ်နဲ့တူတယ်၊ ပြီးတော့ မုန့်ပေါက်က စားစရာလာမျှော်တဲ့ သူတောင်းစားကလေးတစ်ယောက်ကိုလည်း လက်ညှိုးထောင် ကရော်ရော်လုပ်ပြီး အရောဝင်သေးတယ်"

စိတ်ပူပင်တတ်သော၊ သူ့လောက်မဝသော ညီမဖြစ်သူက "မမကလည်းလေ၊ မဆိုင်တာဝင်စွက်နေတာပဲ၊ ပြီးတော့ သိပ်အိန္ဒြေမရအောင် မူးတာလည်း မှုတ်ပါဘူး၊ ဒေါက်တာ့စားပွဲထိုင်ပြီး စကားတွေတော့ အများကြီးပြော

www.burmeseclassic.com


တာပဲ၊ လင်မယားကွဲတဲ့ အကြောင်းတွေထင်ပါရဲ့၊ မင်္ဂလာဆောင်မှာ မင်္ဂလာမရှိတဲ့စကားတွေ တစ်ချိန်လုံးပြောနေတာပဲ၊ ဒါကြောင့် ကျွန်မစိတ်ပူနေတာ၊ အနှောင့်အယှက်ရှိတယ်လို့ ဗေဒင်ဟောရတဲ့ကြားထဲ၊ အမင်္ဂလာစကားတွေ တစ်ချိန်လုံး ကြားနေရတော့ ဘုရားမလို့ မင်္ဂလာဆောင်ကတော့ ပြီးသွားပြီ”

မိန်းမနှစ်ယောက်နှင့် ပါဝင်သူ ယောကျ်ားများထဲမှ လူတစ်ယောက်က “ဟာ . . . မှတ်မိပြီ၊ သူ ကျောင်းတုန်းက ကျွန်တော်နဲ့တစ်ဆောင်ထဲနေလာတာပဲ၊ အင်းဝဆောင်သားပဲ” ဟု အားရပါးရပြောလေ၏။

“ဟုတ်ပါ့မလား”

“လူမှားနေပြီထင်တယ်”

“ပြန်စဉ်းစားပါအုံးရှင့် . . .”

ထိုသူ့မျက်နှာကို ကျွန်မမော်ကြည့်လျှင် ချက်ချင်းမှတ်မိပါသည်။ ကျွန်မတို့ တစ်နှစ်ထဲ တက္ကသိုလ်ရောက်ခဲ့သူများဖြစ်ပါသည်။ ကျွန်မတို့ရောက်စမှာ သိပ္ပံ ဝိဇ္ဇာ မခွဲ၍ အတူရော၍တက်ကြပါသေးသည်။ ထိုသူ့နာမည်ကို ယနေ့အထိမသိသော်လည်း သူသည် အရာရှိကြီးတစ်ယောက်ဖြစ်နေမည်ထင်ပါသည်။ သံရုံးပါတီများ၌ တွေ့ရတတ်သည်။ အစိုးရအခမ်းအနားများ၌ တွေ့ရတတ်သည်။

“နေအုံးဗျ . . . သူ့နာမည်မေ့နေတယ်၊ ဟိုတုန်းကတည်းက အေးအေးနေတာပဲ၊ လေ့ကားအောက်က

www.burmeseclassic.com

BURMESE CLASSIC .com

ထောင့်ခန်းမှာ ကုတ်ပြီးစာဖတ်နေလို့ ကျုပ်တို့ကတောင် စာဂျပိုး ခွေတံဆိပ် ဆုမှန်းနေပြီလို့ထင်တာ၊ အတန်းလည်း မတက်ဘူး၊ စာမေးပွဲလဲမဖြေဘူး၊ ရုပ်ရှင်တော့ နေ့တိုင်းကြည့်ပဲ၊ ဘီအေမအောင်ခင် မိန်းမခိုးပြေးပြီး ရှမ်းပြည်နယ်မှာ စပျစ်သီး စိုက်နေဆိုလား၊ နေပါအုံး သူ့နာမည်ပါးစပ်ဖျားတင်ပါ"

သူက ကျွန်မကိုပြုံး၍ကြည့်ကာ သဘောကျနေ လေ၏။

ပုလိပ်အရာရှိနှင့် ဝတ်ကောင်စားလှနှင့် လူကြီးတို့သည် အနည်းငယ် မျက်နှာပျော့ပျောင်းသွားပြီး "မူးနေလား မသိဘူးဗျ နာမည်မေးလို့လဲမပြောဘူး၊ ဗိုက်ထဲရေ သည် လောက်ဝင်တာတောင် အမူးမပြေသေးဘူးထင်တယ် . . ."

"ဟိုတုန်းကတော့ မသောက်တတ်ဘူးဗျ၊ ကျွန်တော် တို့မူးရင် သူကတွဲပြီး အခန်းထဲလိုက်ပို့တတ်တာပဲ၊ ကော်ဖီ တွေ၊ ဘာတွေ ဖျော်တိုက်တတ်တာပဲ၊ နောက်တော့သူ ပုဂံဆောင်ဘက်ပြောင်းသွားသေးတယ်၊ ဒါနဲ့ တယ်မလုံးမိ ကြတော့ဘူး၊ သူက လူတော့လူအေးပဲ . . ."

"ခုမူးနေတာ မဟုတ်ရင် စိတ်မနှံ့လို့သာဖြစ်ရမယ်၊ မှတ်ပုံတင်ကတ်ပြားလည်း မရှိဘူးတဲ့ဗျာ၊ တစ်ခါမှမလုပ်ဖူး ဘူးတဲ့၊ အလုပ်လည်းရှိမယ့်သူမှတ်ပါဘူး၊ မှတ်ပုံတင်ကတ် ပြားမရှိဘဲ ရပ်ကွက်ထဲတောင် နေလို့မရဘူး . . ."

အရာရှိကြီးက သတိရလာပြန်၏။ သို့သော် အားနာ ဟန်ဖြင့် ခပ်တိုးတိုး၊ အားလုံးတော့လည်းကြားအောင် "ဟာ

www.burmeseclassic.com


သတိရပြီ၊ လူတော့မှတ်မိနေတယ်၊ နာမည်သာ ခုထိစဉ်းစားလို့မရတာ၊ သူစာရင်းဌာနမှာလုပ်တုန်းက အဖမ်းခံရသေးတယ်၊ သတင်းစာထဲပါလို့တောင် ကျုပ်တို့သူငယ်ချင်းတွေက ငြင်းကြသေးတယ်၊ အစိုးရငွေကျွာမှုနဲ့ နောက်တော့ ထောင် ၂နှစ်ခွဲလားမသိဘူး၊ ကျသွားတယ်”

ဝတ်ကောင်းစားလှနှင့်လူက “ကဲ ဒါကြောင့်ပြောတာမှတ်လား၊ သည်လိုလူမျိုးဟာ ပြည်သူ့ကို အန္တရာယ်ပေးမယ့်လူစားမျိုးပါလို့၊ ခုလဲကြည့်ပါလား၊ ဘာတစ်ခုမှ မယ်မယ်ရရ အကြောင်းပြစရာမရှိပဲ၊ ဟော်တယ်ကမှန်ကို ရိုက်ခွဲတယ်၊ ကုလားထိုင်လည်း ကျိုးပြီ၊ မင်္ဂလာပွဲ ကံကောင်းလို့မပျက်တယ်၊ သည်လိုလူမျိုးလွှတ်ထားလို့ မဖြစ်ဖူးထင်တယ်”

ပုလိပ်အရာရှိက မှတ်စုစာအုပ်၌ရေးရန် ဖောင်တိန်ပင်အသင့်ရွယ်ကာ “ခင်ဗျားနာမည်”ဟု ပြောပြန်လေ၏။

သူက အနည်းငယ်ခြောက်သွေ့စပြုလာသဖြင့် လိမ်ကွေ့ကာ နဖူးပေါ်ပျံ့ဝဲကျလာသော ဆံပင်ကိုသပ်တင်ရင်း ကျွန်မကိုကြည့်၍ ပြုံးပါသည်။ “သုံးခါရှိပြီထင်တယ်နော်အေး” ဟု တိုးတိုးပြောကာ ရယ်လိုက်ပြန်ပါသည်။ ပြီးတော့ “ကျွန်တော့်နာမည် ဘာလို့မေးနေတာလဲ၊ ဘာလိုလို့လဲ၊ ရေနစ်နေတဲ့ကလေးကိုဆယ်တာ ပြစ်မှုလုပ်အုံးမလို့လား ··· ခင်ဗျားတို့ မင်္ဂလာဆောင်ကြီး မလုပ်ရတော့ကော ဘာဖြစ်သွားမှာလဲဗျာ၊ လူ့အသက်က ပိုအဖိုးမတန်ဘူးလား” ဟု ပြောလေ၏။

BURMESE CLASSIC .com

ဝတ်ကောင်းစားလှနှင့် လူကြီးက မျက်နှာများ နီမြန်း၍ နှာခေါင်းပွလာအောင် စိတ်ဆိုးလေ၏။ "သည်မှာ ခင်ဗျား . . ."ဟု ပုလိပ်အရာရှိကို ရိုရိုသေသေပြောလေ၏။ "သည်လူကို မှတ်ပုံတင်ကတ်ပြားမရှိမှုနဲ့ ဖမ်းလို့မရဘူးလား၊ ဒါမှမဟုတ် ပြည်သူ့ငြိမ်းချမ်းရေးဖျက်ဆီးမှု၊ ဒါမှမဟုတ် (အလွန်ပီသစွာ ပြောလိုက်သည်) ပြည်သူ့ရဲအရာရှိကို ဆန့်ကျင်မှု၊ ခုခံမှုနဲ့"

ပုလိပ်အရာရှိက "အင်း . . ." ဟုဆိုကာ ဖောင်တိန်အဖုံးကိုကိုက်၍ စဉ်းစားနေဆဲ ဝတ်ကောင်းစားလှနှင့်လူကြီးက ကျွန်မကိုပြောလေ၏။

"သည်မှာဒေါက်တာ သည်လူစိတ်မနှံ့ဘူးဆိုရင် ဘယ်သူ့ကိုမှ သည့်ထက်ပိုအန္တရာယ်မပေးခင် တံတားကလေးတို့၊ ဘာတို့ ခေါ်သွားဘို့ မကောင်းဘူးလား၊ ဒါဆရာဝန်တိုင်းရဲ့ တာဝန်မဟုတ်ဖူးလား . . ."

သူကဝင်ကာ အသံမာလာကာ "ဆရာဝန်ရဲ့ တာဝန်ကို ဒေါက်တာက ခင်ဗျားထက်ပိုသိပါလိမ့်မယ်" ဟုပြောသည်။

ကျွန်မကပြောပါသည်။ "အကောင်းဆုံးကတော့ သူဟာအိမ်ပြန်ပြီး အဝတ်အစားလဲဖို့လိုပါတယ်၊ နွေးနွေးထွေးထွေး နားနေရပါမယ်၊ သူ ရေသိပ်မွှန်းဟန်တော့ မတူပါဘူး၊ အဆုတ်ထဲရေသိပ်ဝင်မိဟန် မတူပါဘူး . . ."

ဝတ်ကောင်းစားလှနှင့်လူက "သူ့ကိုဆေးရုံပို့လောက်

www.burmeseclassic.com


စရာ ဘာမှမဖြစ်ဖူးပေါ့ ...”

“အသေအချာကြီးတော့လဲ ဘယ်ပြောနိုင်ပါ့မလဲရှင့်၊ သူ့ကိုနည်းနည်းတော့ စောင့်ကြည့်နေရမှာပေါ့ ...”

“ဘာပဲဖြစ်ဖြစ်လေ ထောင်ထဲမှာလဲ ဆရာဝန်ရှိတာပဲ”

ပုလိပ်အရာရှိက “ခင်ဗျားနာမည်” ဟုထွက်သွားပြီးမှ ကမန်းကတန်း “အေးလေ ဌာနကျမှ ခင်ဗျားနာမည် ပြောချင်လဲပြောတာပေါ့၊ မပြောချင်လဲ ပြောအောင်လုပ်ရမှာပေါ့ ... ” ဟုပြောသည်။

ထို့ကြောင့် ကျွန်မက သူ့ရဲ့နာမည်နှင့်အလုပ်အကိုင်ကိုပါ ပြောလိုက်ပါသည်။ ကျွန်မရဲ့ဆွေမျိုးတော်ကြောင်းလဲ ပြောလိုက်ပါသည်။ ဒါအရေးကြီးသည်။ ရိုသေဖွယ်ဟု ထင်ကြလိမ့်မည်။ သူကမကန့်ကွက်ပါ။ ခေါင်းမှသွေ့ခြောက်လာသော ဆံပင်များကို ဖြီးသင်ချင်ဟန်ဖြင့်သာ ရှပ်အင်္ကျီအိတ်ထဲ၌ ဘီးကိုရှာပါသည်။ အိတ်ထဲမှ လှပသေးငယ်သော ငွေကွပ်ပန်းဖောက် ဆင်စွယ်ဘီးကလေးထွက်လာပါသည်။

ပူပင်တတ်သော မိန်းမငယ်က “သူ့ကို ဖမ်းစရာလဲ လိုမယ်မထင်ပါဘူး အကိုကြီးရယ်၊ ပန်းချီဆရာဆိုတော့ ပန်းချီအသင်းတွေ၊ အနုပညာအသင်းတွေက စကားထများတတ်တယ်”

မိန်းမဝဝက “စောစောကတော့ ပြောနေသံကြားတာဘဲ၊ ခင်ခင်ဝိုင်းနဲ့ ငယ်သူငယ်ချင်းမို့ ဖိတ်စာရလားဆို

BURMESE CLASSIC .com

လား . . .”

ဝတ်ကောင်းစားလှနှင့်လူကြီးက နှာခေါင်းပွနေခြင်း အနည်းငယ်ငြိမ်သွားပြီးမှ ပြန်၍ပွလာကာ “ဘာပဲဖြစ်ဖြစ် ခင်ခင်ဝိုင်းကတော့ သူ့သမီးမင်္ဂလာဆောင်ကို ပျက်အောင် နှောင့်ယှက်တဲ့လူကို ဘယ်နည်းနဲ့မှ ချမ်းသာပေးချင်မှာမှုတ်ဖူး၊ ငါကိုယ်တိုင်ကလဲ သည်လို လူ့အပြင်ဘက်လူမျိုးကို သည်းမခံနိုင်ဘူး၊ အနုပညာသည်ဆိုတဲ့ သတ္တဝါတွေကော ငါက ကြောက်ရမှာလား၊ ပြီးတော့ သူ့လိုသဘောထား မျိုးနဲ့ကောင်တွေချည်း ရှိတော့မပေါ့။ သူ့ကို နေအုံး၊ အချုပ်ခန်းထဲ တစ်လလောက်တော့ နေရိုင်းလိုက်ချင်သေးတယ်၊ မှတ်လောက်သားလောက်”

သူက သစ်ပင်ကိုမှီထိုင်နေရာမှ ထလိုက်ပြီး လန်သွားသောစောင်ပြာကို တင်းအောင်ဆွဲခြုံလိုက်လေ၏။ “ကဲ သွားချင်လည်းသွားကြအောင်၊ ချမ်းလှပြီဗျာ” ဟုပြောလိုက်လေ၏။ မိန်းမငယ်က “သူ့ဖို့ အဝတ်ခြောက်တစ်စုံ ကျွန်မသွားရှာလိုက်အုံးမယ်” ဟုဆိုလေ၏။ မိန်းမဝဝက “ဟို အခန်းပိုလေးထဲ အရင်ခေါ်သွားကြအုံးစို့” ဟု အကြံပေး၏။ စပို့ရှပ်နှင့်လူငယ်က ရှထားသောလက်များကို ကြင်နာစွာ ကြည့်ဆဲ ကျွန်မသိကျွမ်းသော လူအနည်းငယ်သည် မင်္ဂလာပွဲဘက်သို့ စကားငြင်းခုန်ရင်း ပြန်ကြသည်။ ပုလိပ်အရာရှိက ဖောင်တိန်ပင်ကို အင်္ကျီအိတ်၌ချိတ်၍ မှတ်စုစာအုပ်ကို ဘောင်းဘီအိတ်တွင်းသို့ ထည့်လေ၏။

**ရည်မွန်ဦးစာစဉ**

BURMESE CLASSIC .com

သူက ကျွန်မကိုနှုတ်ဆက်ပါသည်။ "ကဲ • • •သွားမယ်၊ အေးနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ၊ ပြောစရာတွေတော့ ကျန်သေးတယ်အေးရဲ့"

"ပြန်တွေ့ကြအုံးမှာပေါ့" ဟု ကျွန်မကပြောလိုက်ပါသည်။

♦ ♦ ♦

ကြည်အေး

ရှုမဝမဂ္ဂဇင်း ၁၉၇၁၊ စက်တင်ဘာ

www.burmeseclassic.com

BURMESE CLASSIC .com

ကြည်အေး

# အပြစ်တလူ

